# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၉)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)

**နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ဒုတိယသမ္မတ ဦးညိုစော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၀

ဒုတိယသမ္မတ ဦးညိုစောသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ်မှ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာယာယီလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ❑

**ယနေ့ ဖတ် စ ရာ**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ လွှတ်တော်ရေးရာ ◆ စာ ◆ ၅

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ လွှတ်တော်ရေးရာ ◆ စာ ◆ ၇

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီမှ ဇွန်လအတွင်း ပြည်ပငါးတင်ပို့မှု တန်ချိန် ၁၆၀၀၀ ကျော်ရှိပြီး အမေရိကန် ဒေါ်လာ ၂၃ သန်းကျော် ရရှိခဲ့



နေပြည်တော် ဇူလိုင် ၂၀

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှဇွန်လအတွင်း ပြည်ပငါးတင်ပို့မှု တန်ချိန် ၁၆၆၂၅ ဒသမ ၄၈၇ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၄၅ သန်း ရရှိခဲ့ကြောင်း ညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်းက ပြောသည်။

ထိုသို့တင်ပို့ရာတွင် ရေချိုရေငန် ငါးတင်ပို့မှုအနေဖြင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

## ဆင်သေဆည်ရေသောက်စနစ်မှ မိုးစပါး စိုက်ပျိုးရေ ပေးဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆင်သေရေလှောင်တမံ ရေသောက်စနစ်တွင်ပါဝင်သည့် စိုက်ကေများကို စိုက်ပျိုးရေ ပေးဝေလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မိုးစပါးစိုက်ကေ ၁၀၉၆၃ ကေ စိုက်ပျိုးရန် လျာထားသည့်အနက် စိုက်ကေ ၁၂၀၀ စိုက်ပျိုးပြီးဖြစ်ပြီး စိုက်ပျိုးကေများမှ ၄၈၁၅ ကေကို စိုက်ပျိုးရေပေးဝေပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▲

## ချင်းပြည်နယ် ဖလမ်းမြို့၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

ဖလမ်း ဇူလိုင် ၂၀

ဖလမ်းမြို့နယ်ရှိ လိုင်ဗား ရေလှောင်တမံမှ ဖလမ်းမြို့သို့ ရေပေးဝေသော ပိုက်လိုင်းများမှာ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရာ ချင်းပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း ရေရရှိရေး ပြုပြင်ဆောင်ရွက်ခဲ့ရာ ယမန်နေ့က မြို့ပေါ်ရှိ ဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရေရောက်ရှိပြီး မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂ ကော်လံ ၃ ✳




# စည်းကမ်းရှိစွာ၊ ညီညွတ်စွာနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကြ

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်မှလွတ်မြောက်၍ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ကြေညာသည့်အခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာသိကြေညာခဲ့သည်။ နယ်ချဲ့လက်အောက်သို့မရောက်မီ ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံဘဝတွင်လည်း မြန်မာနိုင်ငံသည် ပဒေသရာဇ်စနစ် ပြည်ထောင်စုနိုင်ငံပင် ဖြစ်ခဲ့သည်။

ထိုစဉ်ကပင် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးဗဟိုသည် နိုင်ငံ၏ အချက်အချာနှလုံးသားအရပ်ဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းဒေသကို အခြေစိုက်ခဲ့သည်။ အုပ်ချုပ်ရေးဗဟိုတွင် ဗမာလူမျိုးတို့သာမက မွန်၊ ရှမ်း စသည့်လူမျိုးများလည်း မင်းဆက်များအဖြစ် ပါဝင်ခဲ့ကြသည်ကိုတွေ့နိုင်သည်။ ထိုမင်းဆက်များတွင်လည်း တိုင်းရင်းသားတို့၏သွေးများ ပါရှိနေသကဲ့သို့ မင်းမှူထမ်းများတွင်လည်း တိုင်းရင်းသားများ ပါရှိနေကြသည်ကို တွေ့နိုင်သည်။ စွမ်းရည်ထက်မြက်သည့် မင်းကောင်းမင်းမြတ်တို့လက်ထက်တွင် ပဒေသရာဇ် ပြည်ထောင်စုမြန်မာနိုင်ငံသည် အင်အားခိုင်မာတောင့်တင်းပြီး ပတ်ဝန်းကျင်ဒေသများအထိ ဩဇာလွှမ်းခြုံနိုင်ခဲ့သည်။

မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့သိမ်းပိုက်ပြီးသည့်အခါ တစ်နိုင်ငံလုံးကို အလွယ်တကူအုပ်ချုပ်နိုင်ရန်အတွက် သွေးခွဲအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးကို နေမဝင်အင်ပါယာအဖြစ် အုပ်စိုးခဲ့သည့် နယ်ချဲ့၏လက်အောက် ကျရောက်ခဲ့ရသည့် နိုင်ငံတိုင်း သွေးခွဲအုပ်ချုပ်ခံခဲ့ကြရခြင်းဖြစ်ပြီး ယင်းစနစ်၏ ဆိုးရွားသည့်အကျိုးဆက်ကို နိုင်ငံတိုင်းခံစားခဲ့ကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေပြန့်နှင့်တောင်တန်းဒေသများကို မတူညီသည့်အုပ်ချုပ်မှုပုံစံများကျင့်သုံး၍ အုပ်ချုပ်ခြင်း၊ အင်္ဂလိပ်ဇာတ်သွင်းခြင်း၊ အခွင့်အရေးခွဲခြားပေးခြင်း စသည့် သွေးခွဲမှုများက စိတ်ဝမ်းကွဲစရာများ၊ နာကြည်းစရာများ၊ မုန်းတီးစရာများကို မျိုးနှင့်ရိုးနှင့်ချီကာ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများအားလုံး စည်းလုံးညီညွတ်မှု ရယူရသည့်အခါ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသည်။ နယ်ချဲ့စကား နားဝင်ထားခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်အချို့ ထိုစဉ်ကပင် ညှိနှိုင်းရခက်ခဲ့သည်။ အများညီ၍သာ တိုင်းပြည်လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်။" ဟူ၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့ည၊ ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ထိုစဉ်က စည်းလုံးညီညွတ်မှုကို သက်သေပြ၍ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးမကြာမီမှာပင် အက်ကြောင်းများထင်လာသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၇၀ ကျော် ၈၀ ခန့် ကြာမြင့်လာခဲ့ပြီ ဖြစ်သော်လည်း တစ်စုတစ်စည်းတည်း၊ တစ်ခဲနက်သော စည်းလုံးညီညွတ်မှုကို ပြန်လည်၍မရသေး။ မိမိတို့နိုင်ငံအတွက် စည်းလုံးညီညွတ်မှုသည် နိုင်ငံအစွန့်ရှည်တည်တံ့ရေးအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကလိုအပ်ချက် ဖြစ်နေသည်။

"လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေ ရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချနိုင်ဖို့ပဲ လိုတယ်ဆိုတာပြောပါရစေ။" ဟူ၍ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပစ္စက္ခကာလ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ညီညွတ်ရေး၊ စည်းကမ်းရှိရေးနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကြရေးတို့က မျက်မှောက်ခေတ်၏ သမိုင်းပေးတာဝန်များဖြစ်သည်။ မိမိတို့နိုင်ငံသား၊ တိုင်းရင်းသားအားလုံး၏ မွေးဖွားကြီးပြင်းရာ ဤမြေကို အလှဆင်ရန်မှာ မိမိတို့အားလုံး၏ တာဝန်ပင်ဖြစ်ရာ ကာယ၊ ဉာဏ စွမ်းအားရှိသမျှဖြင့် အမိနိုင်ငံကို ကာကွယ်တည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက် (သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/ Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) ၀၆၇-၃၄၀၅၀၉၉
- နေပြည်တော်ရုံး ၀၆၇-၄၅၁၀၀၆၂
  ၀၆၇-၄၅၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) ၀၉-၈၅၄၉၂၁၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) ၀၉-၄၃၀၉၆၉၈၀

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

✻ ရှေ့ဖုံးမှ

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်၊ ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့မှ မိုင် ၂၀ ခန့် ကွာဝေးသော လိုင်ဗားရေလှောင်တမံမှ ဖလမ်းမြို့၊ ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရောက်ရှိ သိုလှောင်ပြီးစီးမှု၊ ရေလှောင်ကန်များမှ ရပ်ကွက်အလိုက် ရေစုကန်များသို့ အဆင့်ဆင့်ရေဖြန့်ဝေ၍ ရေရောက်ရှိမှု၊ ရေစုကန်များမှ မြို့ပေါ်ရှိရပ်ကွက်များသို့ ရေဖြန့်ဝေရေးပိုက်လိုင်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို စစ်ဆေးခဲ့သည်။ ခရိုင်(ပြန်/ဆက်)



**၂၀-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁ - ၇ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၀ | ၃၃၅၀ | ၃၃၀၀ | ၃၂၂၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၅ | ၃၂၉၀ | ၃၆၁၅ | ၃၆၅၀ | ၃၃၀၀ | ၃၄၃၅ | ၃၃၈၅ | ၃၃၅၅ | ၃၃၇၀ | ၃၆၁၀ |
| 95 Ron | ၃၂၈၅ | ၃၄၂၅ | ၃၃၈၅ | ၃၃၀၀ | ၃၄၃၀ | ၃၄၄၅ | ၃၄၇၀ | ၃၃၆၅ | ၃၆၉၀ | ၃၇၂၅ | ၃၃၈၅ | ၃၅၀၀ | ၃၄၇၀ | ၃၄၃၀ | ၃၄၄၅ | ၃၆၈၅ |
| HSD (500 ppm) | ၃၁၇၅ | ၃၃၀၅ | ၃၂၆၅ | ၃၁၉၀ | ၃၃၀၀ | ၃၃၂၅ | ၃၃၅၀ | ၃၂၅၀ | - | ၃၅၈၅ | ၃၂၇၀ | ၃၆၆၅ | ၃၃၅၀ | ၃၃၀၀ | ၃၃၂၅ | ၃၅၅၅ |
| HSD (50 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | ၄၃၀၀ | ၄၃၃၅ | ၃၉၈၅ | ၄၁၅၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၈၅ |
| HSD (10 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ |  | ၄၃၃၅ | ၃၉၈၅ | ၄၁၅၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၃ | ၃၁၂၇ |
| 95 Ron | ၃၁၀၅ | ၃၂၀၁ |
| HSD (500 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (50 ppm) | ၃၆၉၅ | ၃၇၉၉ |
| HSD (10 ppm) | ၃၆၉၅ | ၃၇၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဟန်လင်းအောင် | **အကြီးတန်းသတင်းထောက်** | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| **စာတည်းမှူး** | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **စာတည်းများ** | - | ကျော်ဖေယျာမြင့်၊ နေဇာဇာထွန်း | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့်အဖွဲ့ |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**“ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❑ *ရှေ့ဖုံးမှ*

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုမြှင့်တင်နိုင်ရေး၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အစိုးရ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပိုးချည်နှင့် ပိုးအိမ်မှထွက်ရှိနိုင်သည့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး အားပေးမြှင့်တင်

**နေပြည်တော် ဇူလိုင် ၂၀**

ပိုးစာမျိုးများမျိုးစပ်ခြင်းသုတေသနနှင့်ပိုးမျိုးများမျိုးစပ်ခြင်းသုတေသန လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုးစာမျိုးအလိုက် ပိုးမျိုးအလိုက် ပိုးချည်အရည်အသွေးပေါ် သက်ရောက်မှုကိုပါ တစ်ပါတည်းဆောင်ရွက်ရန်၊ ပိုးမွေးမြူရေးအနေဖြင့် လက်ရှိတွင် ပြည်ပသို့ ပိုးအိမ်ခြောက်အဖြစ်တင်ပို့ရောင်းချခြင်းကိုသာ အဓိကဆောင်ရွက်လျက်ရှိသော်လည်း ရေရှည်တွင် ပိုးချည်နှင့် ပိုးအိမ်မှထွက်ရှိသည့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။



ယမန်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနနှင့် ဒိုးကွင် ပိုးစာခြံနှင့်ပိုးချည်စက်ရုံတို့၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ပိုးမွေးမြူရေးလုပ်ငန်းများ၊ ပိုးချည်စက်ရုံများနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ရွှေပိုးစာကုမ္ပဏီ၏ ပိုးစာစိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ ယင်းသာမ ရေလွှဲဆည်ပေါ်တွင် အမြင့် သုံးပေရှိ Tilting Gate ရေတံခါး အသစ်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂) ရေလှောင်တမံ စီမံကိန်းဆောင်ရွက်ပြီးပါက ဆင်လမ်းရေလှောင်တမံမှ ပိုလျှံစီးဆင်းရေများကို ထိန်းသိမ်းသိုလှောင်၍ နေ့စဉ် ရေဂါလန် တစ်သန်းကို ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရေသွယ်ပိုက်လိုင်းဖြင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းနှင့် မြို့ပြရပ်ကွက်ကြီး(၉၊ ၁၆၊ ၁၇၊ ၁၈)တို့၏ အနာဂတ်ရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသားဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA–S EAOs)တို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့်ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့်နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ကြားမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့်အခြေအနေ၊ NCA မှခွဲထွက်သွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့်အခြေအနေ၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များစုစည်း၍ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်မည့်အခြေအနေ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် Bilateral တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးကိစ္စများကို ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ယနေ့ဆွေးနွေးပွဲသည် အလွတ်သဘောတွေ့ဆုံပွဲမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း



ညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များသည် ထင်ထားသည်ထက် ပိုမိုဆောင်ရွက်နိုင်သည်ကိုတွေ့ရပြီး တွေ့ဆုံခြင်းနည်းလမ်းအား အလေးထားဆောင်ရွက်သည်ကိုတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်လာနိုင်စေရေးအတွက် နှစ်ဖက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းများရလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA ၏ အဆင့်အတန်းနှင့်တရားဝင်မှု၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက NCA ကို အခြေခံသော အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဖော်ထုတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ယန္တရားများကိုအဆင့်ဆင့်ချမှတ်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်ဖော်ဆောင်နိုင်ရေး၊ သက်ဆိုင်သူများအားလုံး ပိုမိုပါဝင်လာနိုင်စေရေး၊ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရေး၊ ကြားကာလအစီအစဉ် ချမှတ်နိုင်ရေး၊ ထိရောက်သည့် ဆွေးနွေးပွဲများဖြစ်လာစေရန် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းဆောင်ရွက်ရေး၊ ပူးတွဲလေ့လာရေးအစီအစဉ်များဆောင်ရွက်နိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာအကူအညီများရရှိနိုင်ရေးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်မည့် အစည်းအဝေးကျင်းပရာနေရာ ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့အား အကြံပြုဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့အား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့်သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့မှ ကော်မတီဝင်များအား တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ ကော်မတီများမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးထင်အောင်ရှိန်တို့က ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းနှင့် ကော်မတီများအလိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြင့်မားတိုးတက်စေရေးအတွက်လည်း ဟောပြောပွဲများနှင့် သင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကပေးအပ်သောတာဝန်များကို အရည်အသွေးရှိရှိ ထမ်းဆောင်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တွေ့ဆုံသော လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များသည် ကျယ်ပြန့်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေးအတွက် အရေးကြီးပါကြောင်း၊ ကော်မတီများမှ လေ့လာစိစစ်ရသည့် ဥပဒေများနှင့်ပတ်သက်၍ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများနှင့် ပြင်ဆင်ဖြည့်စွက်ရမည့်ဥပဒေများကိုလည်း ပြန်လည်လေ့လာသုံးသပ်ကြစေလိုကြောင်း၊ ကလေးသူငယ်၊ လူငယ်ရေးရာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များတွင် အသက်အရွယ် ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ ကွဲလွဲမှုများရှိနေ၍ ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါကြောင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစားရေးရာများကို အသေးစိတ်လေ့လာပြီး ကဏ္ဍတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောဥပဒေပြုရေး လုပ်ငန်းစဉ်များကို လေ့လာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း လူသားအရင်းအမြစ်ဆုံးရှုံးမှုမရှိစေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုရမည့် အနာဂတ်ပညာတတ်လူငယ်များ ထွက်ပေါ်လာစေရေးအတွက် KG+9 အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးခြင်းနှင့် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် လူရည်ချွန်စီမံကိန်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်မှာ ကောင်းမွန်သောလုပ်ရပ်များဖြစ်၍ ဥပဒေပိုင်းဆိုင်ရာ အထောက်အကူပြုနိုင်ရေးစီမံပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ကင်းကွာနေသူများအား ပညာဆက်လက်သင်ကြားခွင့်ရရှိရေးအတွက် ကျောင်းပြင်ပ ပညာရေးစနစ်တစ်ခုဖြစ်မြောက်ရေး လုပ်ငန်းစဉ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေအလိုက် ဝိုင်းဝန်းကူညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက်လည်း နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training– TVET) များ ဖွံ့ဖြိုးလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးတို့ကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အားလုံးလွှမ်းခြုံနိုင်သော National Youth Development Law , Youth Volunteer Service Law များ ဖြစ်ပေါ်လာစေရေး လေ့လာသုံးသပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကိန်းဂဏန်းစစ်တမ်းများအရ အမျိုးသမီးဦးရေသည် ပိုမိုများပြားလျက်ရှိသည့်အတွက် ထိရောက်စွာအသုံးချနိုင်ရေး နိုင်ငံ့အင်အားစုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်ကို ဥပဒေရှုထောင့်မှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အွန်လိုင်းအသုံးပြု၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သော အမျိုးသမီးများ၊ ကလေးသူငယ်များ အကာအကွယ်ပေးရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့အပြင် သက်ကြီးရွယ်အို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ဥပဒေများကို ဖြည့်စွက်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယနေ့တွေ့ဆုံသည့် ကော်မတီများသည် များပြားလှသည့် လုပ်ငန်းတာဝန်များရှိပြီး လွှတ်တော်ကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး တည်ဆဲဥပဒေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သောအရွေ့တစ်ခုဖြစ်အောင် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဖလင်ပိဋကတ်တိုက်နှင့် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောက်ရှိ ဖလင်ပိဋကတ်တိုက်နှင့် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာလမ်းရှိ ဖလင်ပိဋကတ်တိုက်သို့ ရောက်ရှိရာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းကားများအား ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် ဖလင်ပိဋကတ်တိုက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဖလင်များ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ထားပြီး ပြည်သူလူထုနှင့် အများဆုံးထိတွေ့ရသော ဌာနဖြစ်သည့်အတွက် ပြည်သူများအကျိုးရှိမည့် ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကိုစနစ်တကျ ပိုမိုဆောင်ရွက်စေလိုကြောင်း၊ လူထုအခြေပြုဗဟိုဌာနကို ပြည်သူလူထုအားကိုးယုံကြည်ရသည့် နေရာတစ်ခုဖြစ်စေလိုကြောင်း မှာကြားသည်။ ဆက်လက်၍ လူထုအခြေပြုဗဟိုဌာနအတွင်းရှိပြတိုက်ငယ်ပြခန်း၊ စာကြည့်တိုက်၊ သင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမ၊ ကလေးစာဖတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ်မှ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ဘေးဖြစ်ပွားစဉ်အတွင်း ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးကိစ္စ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ AHA Centre နှင့် ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ မိုင်းအသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားရှိသည့် သဘောတူညီမှုစာလွှာ (Letter of Agreement – LoA) ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လမ်းနှင့်တံတားများပြုပြင်ပေးနိုင်ရေး၊ မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းတိမ်ကောမှု တူးဖော်ပေးနိုင်ရေး၊ ရေကာတာနံရံတည်ဆောက်ပေးနိုင်ရေး၊ ကျောင်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပခုက္ကူမဲဆန္ဒနယ်မှ ဦးလှဝင်းဦး၏ **ပခုက္ကူမြို့အနောက်ဘက်ရှိ ကျွန်းဦး၊ စပယ်ဦးနှင့် ကျွန်းညိုရွာသစ်ကျေးရွာများအား ရေကြောင်းပြောင်းခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပခုက္ကူမြို့၏ အောက်ဘက် မြစ်ကမ်းတစ်လျှောက် ကျေးရွာများဖြစ်သည့် ကျွန်းညိုကြီးအုပ်စု၊ ကျွန်းဦးကျေးရွာ၊ စပယ်ဦးကျေးရွာနှင့် ကျွန်းညိုရွာသစ်ကျေးရွာများအပါအဝင် မြင်းကျွန်းကျေးရွာအုပ်စုနှင့် တင်းဂတ်ကျေးရွာအုပ်စုရှိကျေးရွာများမှာ နှစ်စဉ် မြစ်ရေတက်ချိန်များတွင် ရေဦးထိုးတိုက်စားမှုနှင့် မြစ်ကမ်းပါးပြိုမှုများ ထိန်းသိမ်းရန် တိုက်ရိုက်ကာကွယ်မှုနှင့် သွယ်ဝိုက်ကာကွယ်မှုတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုက်ရိုက်ကာကွယ်မှုအနေဖြင့် လက်ရှိကမ်းပြိုမှုခံစားနေရသော ကျေးရွာများတစ်လျှောက် သဲအိတ်များ၊ Geo bags အိတ်ကြီးများ ချထားခြင်းနှင့် သွယ်ဝိုက်ကာကွယ်မှုအဖြစ် သောင်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်းညိုကြီးကျေးရွာ၊ မရိုးကုန်းကျေးရွာနှင့် မြင်းကျွန်းကျေးရွာအကြား ကမ်းပါးပြိုကျမှု သက်သာစေရေးအတွက် ပြည်ထောင်စုအထွေထွေပို့လျှံရန်ပုံငွေကျပ် ၂၁၅ သန်းဖြင့် သံမဏိကြိုးဆိုင်းရေကာ အလျားပေ ၂၀၀၊ ၁၅ ချောင်း အတန်းလိုက်ချထားခြင်းလုပ်ငန်းကို ဆောင်ရွက်၍ ထိန်းသိမ်းပေးနိုင်ခဲ့ပါကြောင်း။

ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများ ဧရာဝတီမြစ်ရေတိုက်စားမှုမှ သက်သာစေရေး သံမဏိကြိုးဆိုင်းရေကာများဖြင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ မိုးရာသီရေများချိန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေကြောင်းပြောင်းလဲခြင်းနှင့် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများအား နယ်မြေအခြေအနေအရ လုံခြုံစိတ်ချ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရန်ပုံငွေရရှိရေးတင်ပြ၍ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ ဆားကျင်းချောင်းတိမ်ကောမှုအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက လပွတ္တာမြို့နယ်ရှိ ဆားကျင်းချောင်းသည် ဒီရေအတက်အကျရှိသောချောင်းဖြစ်၍ သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရေး ချောင်းအတွင်း ရေစူးအနက် ပိုမိုရရှိရန် ရေပါးသောင်များအား တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့သော် ဒီရေအတက်အကျရှိသော ချောင်းဖြစ်သည့်အတွက် ၃ နှစ်ခန့်အကြာတွင် နုန်းများပြန်လည်ပို့ချနိုင်ပါသဖြင့် နုန်းတားသောအစီအမံများဖြင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ချောင်းအား အသေးစိတ်တိုင်းတာမှုများ၊ သင်္ဘောသွားလာမှုများကို တိုင်းဒေသကြီးအစိုးရမှ စိစစ်ဆောင်ရွက်ပြီး ဆောင်ရွက်သင့်သည့်အစီအမံများအား ရေးဆွဲရမည်ဖြစ်ပါကြောင်း။

ဆားကျင်းချောင်းတွင် သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရေးအတွက် ချောင်းအား အသေးစိတ်တိုင်းတာမှုများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်သင့်သည့် အစီအမံများအား ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆားကျင်းချောင်း ရေပါးသောင်များအား တူးဖော်ရန်အတွက် ကုန်ကျစရိတ်နှင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများအား နှိုင်းယှဉ်သုံးသပ်၍ ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လတ်တလော၌ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဝိုင်းမော်မြို့နယ် မြစ်ကမ်းဘေးနေရာများတွင် ရေကာတာမြစ်ကမ်းထိန်းနံရံ ပေ ၈၂၅၀ အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် နောင်တာလောကျွန်းသောင်တူးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရေလမ်းကြောင်း ဖြောင့်တန်းလာပြီး ဝိုင်းမော်မြို့ဘက်ခြမ်းတွင် ရေစီးနှုန်းလျော့ကျ၍ ရေတိုက်စားမှုသက်သာစေမည်ဖြစ်ပါကြောင်း။

ဝိုင်းမော်မြို့နယ်အတွင်း ကမ်းပြိုမှုအခြေအနေမှာ အထက်ဘက်ရေကြောင်းချိုးကပ်သည့် မိုင်းနားနှင့် ဟိုးလော်ကျေးရွာတွင် အဓိကတိုက်စားမှုရှိပြီး အောက်ဘက် ဝိုင်းမော်မြို့နှင့် ခတ်ချိုကျေးရွာများတွင်လည်း မြစ်ကမ်းပါးတိုက်စားမှုရှိကြောင်း တွေ့ရှိရပါကြောင်း။

ဧရာဝတီမြစ် မြစ်ကြီးနားရေလမ်းအား မျှော်မှန်းရေလမ်းကြောင်းအတိုင်းဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါရေလမ်းကြောင်း စီးဆင်းမှုမှန်ကန်လာပါက ဝိုင်းမော်မြို့နယ် မုတ်လွဲနှင့် ခတ်ချိုကျေးရွာများ ကမ်းပြိုမှုမှ လျော့နည်းသက်သာလာမည်ဖြစ်ပါကြောင်း၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာအုပ်စုရှိ ဟိုးလော်ရွာ မြစ်ဘေး၌ အလျား ပေ ၃၀၀၀ တွင် ဆောင်ရွက်ရန်ကျန်ရှိသည့် အပေါ်ပိုင်းမြေထိန်းနံရံ၊ ကန့်လန့်ကျောက်ရိုးများနှင့် တမံစီခြင်းလုပ်ငန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားမည် ဖြစ်ပါကြောင်းနှင့် အောက်ဘက်ရေလမ်းကြောင်း (Main Channel) တွင် ရေတိုက်စားနိုင်သည့် ခတ်ချိုကျေးရွာအောက်ပိုင်း ဖောဓိကုန်းနှင့် မခန္တီးကျေးရွာကြား အပိုင်းအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် နှစ်အလိုက် လျာထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **ပေါင်းတည်မြို့နယ် မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်းအား အမက(မူလွန်)/အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပေါင်းတည်မြို့နယ်၊ မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်းသည် အနီးဆုံး အခြေခံပညာအလယ်တန်းကျောင်းဖြစ်သည့် ဘုရားငါးဆူ အခြေခံပညာအလယ်တန်းကျောင်းနှင့် ၂ ဒသမ ၂၅ မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ အခြေခံပညာဦးစီးဌာန၏ ကျောင်းအဆင့်တိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များတွင် တစ်ဆင့်မြင့်ကျောင်းနှင့် ၃ မိုင်အထက် ကွာဝေးခြင်း၊ ကျောင်းမြေပိုင်ဆိုင်မှု ငါးဧကရှိရန် လိုခြင်းစသည့် လျာထားချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း။

အဆိုပါ မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်း၏ လက်ရှိအခြေအနေအား စိစစ်ရာတွင် ကျောင်းအဆင့်တိုးမြှင့်ရေး လျာထားချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ သို့သော် အခြေခံပညာမူလတန်း(လွန်)ကျောင်း သို့မဟုတ် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးပြီး မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုက်ကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပေ (၆၀ x ၃၀) တစ်ထပ် သစ်သားဆောင်၊ ပေ (၉၀ x ၃၀) RCC တစ်ထပ်၊ စုစုပေါင်း ကျောင်းဆောင်နှစ်ဆောင်ရှိပါကြောင်း၊ မူလတန်းအဆင့်ကျောင်းသား ၇၆ ဦး စာသင်ခန်းခြောက်ခန်းဖြင့် သင်ကြားလျက်ရှိသည့်အတွက် ကျောင်းသား/တန်းခွဲဦးရေအရ လက်ရှိအခြေအနေတွင် စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် မူလတန်းအဆင့် ကျောင်းသားဦးရေ ၂၅၀ အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသောဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၂ မိုင် အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၃ မိုင်အထက် ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု ငါးဧက ရှိရန်လိုခြင်း စသည့်လျာထားချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိတွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စဥ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ အခြေခံပညာ(တွဲ)ကျောင်းအား မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် မီးသွေးဘုတ်အုပ်စု စိုက်ပျိုးရေးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးအခြေခံပညာ(တွဲ)ကျောင်းသည် မူလတန်းအဆင့် ကျောင်းသားဦးရေ ၄၁ ဦးသာရှိခြင်း၊ ပင်မကျောင်းဖြစ်သော ကင်းတုံ-အခြေခံပညာမူလတန်းကျောင်းနှင့် ၂ မိုင်ကျော်သာ ကွာဝေးသော်လည်း သတ်မှတ်ထားသည့် ကျောင်းသားဦးရေစံနှုန်းနှင့် ကျောင်းမြေပိုင်ဆိုင်မှုစံနှုန်းများ ပြည့်မီမှုမရှိသေးခြင်းတို့ကြောင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲ ကျေးလက်လမ်းမှ ကျန်ရှိသော ၁၄ မိုင်ခန့်အား နှစ်အလိုက် ဆက်လက်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲလမ်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းမိုင်အရှည် ၁၆ မိုင် ၆ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၅ မိုင်၊ ကျောက်လမ်း ၃ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၂ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ၄ ဖာလုံ၊ စုစုပေါင်း ၁၆ မိုင် ၆ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်း၏ မြေသားလမ်းအပိုင်းများအား ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်း ၁ မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော အမာခံလမ်းနှင့် မြေလမ်းအပိုင်းများအား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ၁၂ ပေ အကျယ် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ် - ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်း၊ ပန်းတောရိုး-ဝက်ခြံဂယက်လမ်းများအား အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် မည်မျှဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ်-ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်းနှင့် ပန်းတောရိုး-ဝက်ခြံဂယက်လမ်းများသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး ရေခလုတ်-ဒေါင့်ကြီးလမ်းသည် အရှည် ၁၁ မိုင် ၁ ဖာလုံ၊ ရုံးတော - ပုဂံစု - ကျုံတာဖျားလမ်းသည် အရှည် ၆ မိုင်နှင့် ပန်းတောရိုး-ဝက်ခြံဂယက်-ပန်းပင်ချောင်လမ်းသည် အရှည် ၆ မိုင် ၆ ဖာလုံခန့်ရှိပါကြောင်း။

အဆိုပါလမ်းပိုင်းများ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ရေခလုတ်-ဒေါင့်ကြီးလမ်း၏ ပျက်စီးမှုများပြားသည့်လမ်းပိုင်းတွင် ကျောက်ခင်းလမ်း အရှည် ၁ ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်း၊ ရုံးတော- ပုဂံစု- ကျုံတာဖျားလမ်း၏ ပျက်စီးမှုများပြားသည့် လမ်းပိုင်းတွင် ကျောက်ခင်းလမ်း အရှည် ၃ ဖာလုံအား ချောင်းကျောက်ရောမြေခင်း၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရေခလုတ်-ဒေါင့်ကြီးလမ်း လမ်းပိုင်းများ ၁ မိုင်အား ကျောက်ခင်းလမ်းအသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ရုံးတော - ပုဂံစု - ကျုံတာဖျား လမ်းအရှည် ၁ မိုင်အား ကျောက်ခင်းလမ်းခင်းခြင်းလုပ်ငန်း၊ ပန်းတောရိုး-ဝက်ခြံဂယက်-ပန်းပင်ချောင်လမ်း၏ ပျက်စီးမှုများပြားသောလမ်းအပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

အဆိုပါ လမ်း(၃)လမ်း၏ ကျန်ရှိနေသော လမ်းပိုင်းများကိုလည်း ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် နှစ်အလိုက် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်ရှိ တံငါတံတားအား ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံငါတံတားသည် မတ္တရာမြို့နယ်၊ မန္တလေး-မိုးကုတ်ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး တံတားအရှည် ပေ ၃၆၀ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် အကြမ်းဖက်အဖွဲ့များကြောင့် တံငါတံတား၏ ရေလယ်တိုင် P4 တစ်စိတ်တစ်ပိုင်း ကြေမွပျက်စီးခဲ့ပြီး မိုးကုတ်ဘက်ကမ်း ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းများ ကျိုးကျပျက်စီးခဲ့ပါကြောင်း။

လက်ရှိတွင် တံငါတံတားအား တံတားဦးစီးဌာနနှင့် တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်း၍ အရှည်ပေ ၂၂၀ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတား ထိုးခဲ့ပြီး ဘေလီတိုင်စင် ငြမ်းထောက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်၍ တံတားခံနိုင်ဝန်တန် ၃၀ ယာဉ်များ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

တံတားအား ပြန်လည်ပြုပြင်ခြင်းအနေဖြင့် ပျက်စီးသွားသည့်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားပေါ်တွင် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာဉ်များဖြတ်သန်းခွင့်ပြုပေးထားသော ယာယီဘေလီတံတားအား ဖျက်သိမ်းခြင်းမရှိဘဲ ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအား ယာယီတံတားအောက်မှပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"အခွန်စနစ်နှင့် ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ် (အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်း တင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း** က လက်ရှိအခွန်ငွေစီးဆင်းနေမှုသည် ဝင်ငွေရလုပ်ငန်း ပမာဏအပေါ် အခွန်ဆိုင်ရာရုံးများ ခွဲခြားသတ်မှတ်ထားခြင်း၊ အခွန်ငွေပေးသွင်းခြင်း Payment System ကိုလည်း Self Assessment စနစ်ဖြင့် IRD Website သို့ တိုက်ရိုက်ငွေပေးသွင်းခြင်း၊ Bank Account, MPU, Debit card စနစ်ဖြင့် ငွေပေးသွင်းခြင်း၊ MEB သို့ ငွေသွင်းချလန်၊ ချက်လက်မှတ်ဖြင့် ငွေပေးသွင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာမြင့် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်ကတ် အသုံးပြုစနစ်အပေါ် နိုင်ငံ၏ ဘဏ္ဍာငွေကြေး၊ ပြည်သူအားလုံး အခွန်ထမ်းဆောင်ရမည့်အပေါ် နားလည်သဘောပေါက်မှု၊ IRD ဌာန အဆင့်မြှင့်တင်ရန် လိုအပ်ချက်များရှိနေသောကြောင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဘိုကလေး မဲဆန္ဒနယ်မှ ဦးစန်းမောင်**က Digital Taxpayer Card (Barcode/QR Code)ပါဝင်သော အခွန်ထမ်းကတ်သည် ယနေ့ခေတ် e-Government နှင့် Digital Economy အတွက် အလွန်ကောင်းမွန်ပြီး အရေးကြီးသော အခွန်စီမံခန့်ခွဲမှုစနစ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဘဏ်၊ အခွန်ရုံးနှင့် Online စနစ်ဖြင့် ငွေပေးချေနိုင်အောင် ချိတ်ဆက်ထားပြီး အခွန်ပေးဆောင်မှုမှတ်တမ်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ Update လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းစနစ်သည် အစိုးရအတွက် အခွန်ရှောင်တိမ်းမှုများ နည်းလာခြင်း၊ အခွန်ငွေတိုးတက်လာခြင်း၊ အခွန်ထမ်းစာရင်း အတိအကျ ရယူမှတ်တမ်းတင်နိုင်ခြင်းနှင့် အခွန်ယိုစိမ့်မှုများ လျော့နည်းလာခြင်း စသည့် အားသာချက်များ ရနိုင်မည်ဖြစ်ပါကြောင်း။ ထို့ပြင် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ စာရွက်စာတမ်း အသုံးပြုမှုလျှော့ချခြင်း၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက်လာခြင်းနှင့် စာရွက်စာတမ်း၊ မှတ်တမ်းများ လျော့နည်းလာမည်ဖြစ်ပါကြောင်း။

အားနည်းချက်အနေဖြင့် စနစ်ချွတ်ယွင်းမှု (System error)ကြောင့် Customer များ ယုံကြည်မှုလျော့လာနိုင်ပါကြောင်း၊ IT infrastructure အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခံရမှုများ တွေ့လာနိုင်ပါကြောင်း။

အချို့သော အင်တာနက်မရသောဒေသများတွင် ဝန်ဆောင်မှု Agency များ ထားခြင်း၊ ဆိုက်ဘာလုံခြုံရေး အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ Data Protection Law ကို အသစ်ရေးဆွဲ ပြဋ္ဌာန်းစေခြင်း စသည့် ဆောင်ရွက်ရန်လုပ်ငန်းများ များပြားစွာ ရှိနေပါသဖြင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်** က မိမိတို့နိုင်ငံတွင် ပြည်သူများ အမှန်တကယ်လိုအပ်အသုံးပြုနေသည့် စား၊ ဝတ်၊ နေရေးအတွက် မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ မီးဖိုချောင်သုံးပစ္စည်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ဒေသထွက်ကုန် သီးနှံ၊ အသား၊ ငါး၊ ကြက်ဥနှင့် နို့ထွက်ပစ္စည်းများအပြင် စားသောက်ကုန်ပစ္စည်းများကို အတတ်နိုင်ဆုံး အခွန်လျှော့ချပြီး အခြားမဖြစ်မနေသုံးစွဲရန်မလိုအပ်သည့် ပစ္စည်းများ၊ လုပ်ငန်းများနှင့် ပြည်သူများအတွက် ကျန်းမာရေးနှင့် လူနေမှုစနစ်ကို ထိခိုက်ပျက်စီးစေသော စားသောက်ကုန်၊ အသုံးအဆောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်တိုးမြှင့်ကောက်ယူမှုကို ဆောင်ရွက်သင့်ပါကြောင်း။

အမှန်တကယ်မိမိတို့ နိုင်ငံတွင် အခွန်ပေးဆောင်မှုကို အွန်လိုင်းဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်သင့်သည်မှာ ကြာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အခွန်နှင့်ပတ်သက်လျှင် နိုင်ငံသားတိုင်း သိရှိကျွမ်းဝင်ကြပြီး တာဝန်သိကြသကဲ့သို့ နိုင်ငံများအနေဖြင့် အခွန်ကြောင့် ပြည်သူများ ဝန်မပိစေရန် အခွန်စနစ်ကို ပွင့်လင်းမြင်သာပြီး စနစ်ကျအောင် လုပ်ဆောင်နေကြပါကြောင်း၊ နိုင်ငံတော်အခွန်ငွေများ မလေလွင့်ရအောင် အွန်လိုင်းဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုလျှင် နိုင်ငံဘဏ္ဍာငွေ တိုးတက်ဖွံ့ဖြိုးတည်ငြိမ်လာပြီး အခွန်အလေအလွင့် နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို ပိုမိုတိုးချဲ့၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း** က အခွန်များကို ရှင်းရှင်းလင်းလင်း ထိရောက်စွာ ကောက်ခံနိုင်လျှင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သော အချို့သောအခွန်များကို လျှော့ချနိုင်သလို အချို့သော အရေးကြီးကိန်းဂဏန်းများတွင်လည်း အခွန်လွတ် tax free incentive များပေးပြီး ရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် digital tax system နှင့် e filing စနစ်များ အသုံးပြုခြင်းဖြင့် အခွန်စနစ်ပိုမိုကောင်းမွန်ရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်ပါကြောင်း၊ Vice items များကို အခွန်အများကြီး တိုးကောက်ရန် သင့်လျော်ကြောင်း၊ အခွန်စနစ် ပိုမိုရှင်းလင်းပြီး ထိရောက်အကျိုးရှိရန် လုပ်ဆောင်မည့် အကြံပြုချက်များကို ထောက်ခံပါကြောင်း ထောက်ခံဆွေးနွေးသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး** က ယနေ့ကမ္ဘာကြီးသည် ဒီဂျစ်တယ်စီးပွားရေးခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ငွေသားဖြင့် အရောင်းအဝယ်ပြုလုပ်သည့် စနစ်မှ Mobile Phone, Bank Account, QR Code နှင့် Online ငွေပေးချေမှုများကို အခြေခံသည့်စနစ်သို့ ပြောင်းလဲလာကြပြီဖြစ်ကြောင်း၊ နိုင်ငံတိုးတက်မှုကို တိုင်းတာရာတွင် ဒီဂျစ်တယ်ငွေပေးချေမှုနှင့် အခွန်စနစ်၏ ထိရောက်မှုသည်လည်းအရေးပါသော ကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံများစွာသည် ဤစနစ်ကို အောင်မြင်စွာအသုံးပြုနေပြီးဖြစ်ပါကြောင်း၊ ဥပမာ ဂျပန်နိုင်ငံသည် My Number စနစ်ကို အသုံးပြု၍ နိုင်ငံသားတစ်ဦးချင်းစီ၏ အခွန်ဆိုင်ရာအချက်အလက်များ၊ လူမှုဖူလုံရေးနှင့် အစိုးရဝန်ဆောင်မှုများကို ချိတ်ဆက်စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ထို့ပြင် တောင်ကိုရီးယားနှင့် အက်စတိုးနီးယားတို့ကဲ့သို့သော နိုင်ငံများတွင်လည်း တစ်ဦးချင်း အမျိုးသားအမှတ်စဉ်နှင့် ဒီဂျစ်တယ်စနစ်များကို အသုံးပြု၍ အခွန်ကောက်ခံမှုကို ပိုမိုတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ခဲ့ကြပြီး အခွန်ရှောင်တိမ်းမှုများကိုလည်း ထိရောက်စွာ လျှော့ချနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းအတွက် တစ်ဦးချင်းအမျိုးသားအမှတ်စဉ်ကို အခြေခံသည့် အခွန်ထမ်းမှတ်ပုံတင်စနစ်ကို အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းကတ် သို့မဟုတ် Smart Card များကို ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ပါက အခွန်ပေးသွင်းမှုများ လွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

ဒီဂျစ်တယ်စနစ်၏ အားသာချက်များမှာ ပွင့်လင်းမြင်သာမှု အားကောင်းခြင်း၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲပြောင်းမှုတိုင်းကို မှတ်တမ်းတင်ထားနိုင်သဖြင့် စစ်ဆေးရလွယ်ကူပြီး အဂတိလိုက်စားမှုများကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်အခွန်နှင့် ငွေကြေးစီမံခန့်ခွဲမှုစနစ်သည် ခေတ်မီနိုင်ငံတစ်နိုင်ငံ၏ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံတစ်ရပ်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ** က အခွန်သည် နိုင်ငံတော်က ပြည်သူထံမှ ရယူသော ငွေကြေးမျှသာမဟုတ်ပါကြောင်း၊ အခွန်သည် နိုင်ငံတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ မျိုးဆက်သစ်များ၏ အနာဂတ်အတွက် စုဆောင်းငွေ၊ ပြည်သူအချင်းချင်း မျှဝေခံစားသော လူမှုတာဝန်၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းသည့် အမျိုးသားအင်အားတို့ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးတို့သည် အလှူအတန်းကို မြတ်နိုးသော လူမျိုးဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းများ လှူဒါန်းခြင်း၊ ဆေးရုံများ တည်ဆောက်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းတို့ကို မိမိတို့၏ စေတနာဖြင့် ပါဝင်လှူဒါန်းလေ့ရှိကြပါကြောင်း၊ ထိုသဘောတရားနှင့် တူညီစွာ အခွန်ပေးဆောင်ခြင်းသည်လည်း အမျိုးသားအကျိုးအတွက် ပြည်သူက စုပေါင်းလှူဒါန်းခြင်း တစ်မျိုးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ရပ်၏ အချုပ်အခြာအာဏာကို ခိုင်မာစေသော အခြေခံအုတ်မြစ်မှာ မိမိနိုင်ငံ၏ဘဏ္ဍာရေးကို မိမိနိုင်ငံသားများ၏ အခွန်ဖြင့် ရပ်တည်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ကို ဝင်ငွေရှာဖွေရေးကိရိယာတစ်ခုအဖြစ်သာ မမြင်ဘဲ နိုင်ငံဖွံ့ဖြိုးရေးမူဝါဒ၏ အဓိကအင်ဂျင်အဖြစ် မြင်သင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ အခွန်ဝင်ငွေသည် စီးပွားရေးအရွယ်အစားနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေဆဲဖြစ်ပါကြောင်း၊ ဤအခြေအနေသည် နိုင်ငံ၏ စီးပွားရေးအင်အားနည်းပါးခြင်းကြောင့်သာ မဟုတ်ဘဲ အခွန်အခြေခံ(Tax Base)ကျဉ်းမြောင်းခြင်း၊ အခွန်ရှောင်တိမ်းမှုများခြင်း၊ အလွတ်စီးပွားရေး(Informal Economy) အရွယ်အစားကြီးမားခြင်း၊ ဒီဂျစ်တယ်အခွန်စနစ် မပြည့်စုံသေးခြင်း၊ အခွန်ထမ်းယဉ်ကျေးမှု အားနည်းခြင်းတို့ကြောင့်လည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများမှ သင်ခန်းစာများအနေဖြင့် အခွန်နှုန်းထားတိုးခြင်းထက် အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ပြုပြင်ရန်၊ ဒီဂျစ်တယ်နည်းပညာကို အသုံးပြု၍ အခွန်ရှောင်တိမ်းမှုကို လျှော့ချရန်၊ အခွန်ထမ်းများအတွက် လွယ်ကူမြန်ဆန်သော ဝန်ဆောင်မှုများ ပေးဆောင်ရန်၊ အခွန်ထမ်းသူဦးရေ တိုးချဲ့ပြီး Tax Base ကို ကျယ်ပြန့်စေရန်၊ အခွန်ငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာစွာဖော်ပြ၍ ပြည်သူယုံကြည်မှုတည်ဆောက်ရန် အခွန်ပြုပြင်ပြောင်းလဲရေးကို နည်းပညာ၊ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှုတို့ကို ပေါင်းစပ်ထားသော အမျိုးသားရေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းထက် အခွန်အခြေခံကို ချဲ့ထွင်ခြင်း၊ ဒီဂျစ်တယ် အခွန်စီမံခန့်ခွဲမှု အကောင်အထည်ဖော်ခြင်း၊ ပြည်သူဗဟိုပြုဝန်ဆောင်မှု (Taxpayer-Centric Services) တိုးတက်စေခြင်းနှင့် ပွင့်လင်းမြင်သာမှု (Transparency)ကို မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**သဃ်္ဃန်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာ တိတိကျကျနှင့် ပြည့်ပြည့်ဝဝမရရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်ပချေးငွေများနှင့် အကူအညီများကို ပိုမိုမှီခိုရစေပြီး ရေရှည်တွင် နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုး ဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်အခွန် စနစ်ခိုင်မာမှုသာ နိုင်ငံရေး၊ စီးပွားရေးအရ လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး အချုပ်အခြာအာဏာအတွက်လည်း ပိုမိုတောင့်တင်းခိုင်မာစွာ ရပ်တည်ရန် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ရှောင်မှုအတွက် အခွန်ရှောင်သူကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရပါကြောင်း၊ စာရင်းစစ်ဆေးမှုကိုလည်း ပိုမိုထိရောက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုရန်လိုအပ်သလို အခွန်ပေးမှုစနစ်များကို ခေတ်မီနည်းဖြစ်သည့် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးခြင်းဖြင့်လည်း အခွန်ရှောင်ရန် အခွင့်အလမ်းလျော့နည်းစေမည် ဖြစ်ပါကြောင်း။

အခွန်စနစ်ကို တိတိကျကျကျင့်သုံးခြင်းဖြင့် မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများကို စနစ်တကျထိန်းချုပ်နိုင်ပြီး တရားဝင်ရိုးသားစွာ လုပ်ကိုင်အခွန်ဆောင်နေကြသည့် လုပ်ငန်းရှင်များကို ကာကွယ်ပေးရာရောက်ပါကြောင်း၊ မရှိမဖြစ်လိုအပ်သော လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခြင်း၊ ကျန်းမာရေးထိခိုက်စေသော ကုန်ပစ္စည်းများအပေါ် သင့်လျော်သော အခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းကိစ္စများအား နိုင်ငံတော်မှ သတိကြီးစွာဖြင့် အကျိုးအပြစ်များ တွက်ချက်၍ ဖြစ်သင့်သော အခွန်အား စည်းကြပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုသည် နိုင်ငံတော်၏ ဘတ်ဂျက်ကိုအရှိန်အဟုန်ဖြင့် တိုးတက်စေမည့်အပြင် ကုန်စျေးနှုန်းကျဆင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပါ အထောက်အကူပြုနိုင်ခြင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှတမှုရှိသော လူ့အဖွဲ့အစည်းတည်ဆောက်ရေးတို့အတွက် အလွန်ခေတ်မီပြီး မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စပါသည့် အဆိုတစ်ခုဖြစ်ပါသဖြင့် ဤလွှတ်တော်က အတည်ပြုပေးပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ** က အခွန်ပေးဆောင်ခြင်းသည် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွယ်ကူဆုံးပါဝင်မှုတစ်ခုအဖြစ် ခံစားသိမြင်စေခြင်းသည် အခွန်စနစ်အောင်မြင်ရေး၏ အဓိကသော့ချက်တစ်ခုဖြစ်ပြီး ထိုသို့ အောင်မြင်စေရန်အတွက် ဒီဂျစ်တယ်စနစ်များ၊ ရိုးရှင်းသောပုံစံများနှင့် အခက်အခဲများမရှိစေရေးတို့ကို သတိပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဒီဂျစ်တယ်အခွန်ကောက်ခံမှုစနစ်ဖြင့် အခွန်များဖြတ်တောက်ကောက်ခံခြင်း ဆောင်ရွက်နိုင်ပါက အခွန်ငွေတိုးပွားစေနိုင်ခြင်း၊ (e-invoices) စနစ်ကဲ့သို့ ပြောင်းလဲအသုံးပြုခြင်းဖြင့် အခွန်ထမ်းများ၏ အရောင်းအဝယ်စနစ်ကို ပိုမိုမြင်သာစေနိုင်ပြီး အခွန်ပိုမိုတိုးတက်ရရှိနိုင်ခြင်း၊ ဒီဂျစ်တယ်ငွေပေးချေမှုအရ လာဘ်ပေးလာဘ်ယူမှုများကို လျှော့ချနိုင်ကာ အခွန်ဌာနများအတွက် အချက်အလက်အရည်အသွေးနှင့် စောင့်ကြည့်နိုင်မှုတို့ကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ (infrastructure) ဆိုင်ရာ အခက်အခဲအတားအဆီးများ၊ အင်တာနက်ဆက်သွယ်မှုစနစ်နှင့် လျှပ်စစ်မီးလိုအပ်ချက်များသည်လည်း ဒီဂျစ်တယ်စနစ်ကို အကန့်အသတ်ဖြစ်စေနိုင်သောကြောင့် နိုင်ငံတကာမှ ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ငွေကောက်ခံရေးဆိုင်ရာ အောင်မြင်ဆုံးရှုံးမှုများကို စနစ်တကျ လေ့လာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် အဆိုအား လေးနက်စွာ ထောက်ခံဆွေးနွေးသည်။ *စာမျက်နှာ ၇ သို့*

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၀**
တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **လယ်ယာမြေအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လက်ရှိ ဥပဒေပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ဖြစ်ပေါ်နေသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ မရှင်းလင်းမှုများအပေါ် ပြည်သူများအနေဖြင့် သံသယကင်းရှင်းစွာ နားလည်နိုင်စေရန် လယ်ယာမြေ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက တရားရုံးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့အနက် မည်သည့်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အတည်ယူရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇)ရရှိသူများအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်အငြင်းပွားမှုများ ပေါ်ပေါက်လာပါက လယ်ယာမြေ ဥပဒေပုဒ်မ ၂၂ နှင့်အညီ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမှုခင်း ဖွင့်လှစ်ဆောင်ရွက်နိုင်ပါကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်အား ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က)နှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ(က) နှင့်အညီ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က) နှင့်အညီ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ) အရ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု မဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက လယ်ယာမြေ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဂ)နှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့် ရှိပါကြောင်း၊ သို့ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ အဆုံးအဖြတ်ကို ခံယူရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု မဟုတ်ဘဲ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါကြောင်းကို တည်ဆဲလယ်ယာမြေ ဥပဒေတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့် ၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ပက်ကလက်တူးမြောင်းနှင့် စံပယ်ဂူလမ်းဘေး တူးမြောင်းအနီးတွင် ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပက်ကလက်တောင် တူးမြောင်းပေါ်ရှိ သစ်သားတံတားသည် ဟောင်းနွမ်းပျက်စီးနေ၍ (၆x၆)ပေ ရေတံခါးပေါက် ငါးပေါက်ပါဝင်ပြီး အကျယ် ၁၃ ပေရှိသော ရေထိန်းတံခါးတစ်ခု အစားထိုးတည်ဆောက်ပေးခြင်းဖြင့် မိုးရာသီကုန်ဆုံးချိန်တွင် အတ္ထရံမြစ်မှ ရေချိုကို သွင်းယူပြီး ကလိုင်းကနိုင်ကျေးရွာ ကွင်းအမှတ် (၅၈၀-က)၊ (၅၈၀) ကျောက်တောင်ကွင်းနှင့် ကတုံကြပ်ကွင်းရှိမြေဧရိယာ ဧက ၃၀၀ ခန့်နှင့် ရှင်စောပုရပ်ကွက် ကွင်းအမှတ် (၅၇၉-ခ) ကျုံဖွဲ့ကွင်းရှိ မြေဧရိယာ ဧက ၁၅၀ ခန့် စုစုပေါင်း မြေဧရိယာ ဧက ၄၅၀ ခန့်အား နွေစပါး၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် တောင်သူများအနေဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားအဖြစ်ဖြင့် ရေထိန်းတံခါးပေါ်မှ အဆင်ပြေချောမွေ့စွာ ကူးသန်းသွားလာနိုင်မည် ဖြစ်ပါကြောင်း။

သို့ပါ၍ ပက်ကလက်တောင် တူးမြောင်းပေါ်တွင် ရေထိန်းတံခါးတည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် စီမံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

**မြောင်းမြ မဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်**က မြန်မာနိုင်ငံတွင် ကောက်ခံလျှက်ရှိသော အဓိက အခွန်ကြီးလေးမျိုးမှာ ဝင်ငွေခွန်တစ်ဦးချင်းစီ၏ လစာဝင်ငွေ ကုမ္ပဏီလုပ်ငန်းများ၏ အမြတ်အစွန်းပေါ်တွင် သတ်မှတ်ရာခိုင်နှုန်းအလိုက် ကောက်ခံခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကုန်စည်များ ထုတ်လုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် ကျသင့်သည့် သတ်မှတ်ခွန်ဖြစ်အထူးကုန်စည်ခွန်(special goods tax) ဆေးလိပ်၊ အရက်၊ ဘီယာ၊ လောင်စာဆီနှင့် ဇိမ်ခံပစ္စည်းများကဲ့သို့ သတ်မှတ်ထားသော အထူးကုန်စည်များအပေါ် သီးသန့်ကောက်ခံသည့်အခွန်နှင့် တံဆိပ်ခေါင်းခွန်စာချုပ်စာတမ်းများ၊ အိမ်ခြံမြေ အရောင်းအဝယ်ငှားရမ်းခြင်း စာချုပ်များ တရားဝင်အတည်ဖြစ်စေရန် တံဆိပ်ခေါင်းကပ်၍ပေးဆောင်ရသော အခွန်တို့ဖြစ်ပါကြောင်း။

အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား၊ ချက်လက်မှတ်များအသုံးပြုပြီး လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေရမည့်အစား electronic ငွေပေးချေမှုစနစ်ကို အသုံးပြုပြီး အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာ အခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့် အချိန်နှင့်ကုန်ကျ စရိတ်သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ် မရှိနိုင်ခြင်း၊ အလွဲသုံးစားမှုနှင့် မသမာမှုအန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် digital အသွင်ကူးပြောင်းရေးကာလတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များအကြား ငွေကြေးလည်ပတ်မှု၊ စီးဆင်းမှုနှင့် ငွေသွင်းငွေထုတ် ငွေလွှဲစနစ်များ တိကျခိုင်မာရေးသည် အခွန်ထမ်းကတ်စနစ် အောင်မြင်ရန်အတွက် အဓိကကျောရိုး ဖြစ်ပါကြောင်း။

Digital စနစ်ကူးပြောင်းခြင်း digitalization သည် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေပြီး ပါဝင်ပတ်သက်နေသူများအတွက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသော်လည်း နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် အခွန်ရှောင်ကွင်းရာနေရာများနှင့် အတုအယောင် အမြတ်အစွန်းပြောင်းရွှေ့ခြင်း လုပ်ငန်းလည်ပတ်ရာ နိုင်ငံများရှိ ဥပဒေဟာကွက်များကို အခွင့်ကောင်းယူကြပြီး အဆင့်မြင့်အခွန်ဆိုင်ရာ စီမံဖန်တီးမှုများဖြစ်သည့် အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းဆောင်ရွက်မှုယန္တရားများ၊ အထူးအခွင့်အရေးပေးသည့် စနစ်များကို အသုံးပြုကာ အခွန်နှုန်းထားပိုမိုသက်သာခွင့်ရရှိအောင် လုပ်ဆောင်ကြခြင်း စသည့် အခြေအနေများကို ရှောင်ရှားနိုင်ရန် ကြိုတင်စဉ်းစားပြီး မည်သို့ကာကွယ်ကြမည်ဆိုသည့် စီမံချက်များ ရေးဆွဲကြရန်လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံ၏ လက်ရှိတည်ရှိနေသည့် အခြေခံ အဆောက်အအုံများနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်ကို ဆတက်ထမ်းပိုး ပံ့ပိုးနိုင်မည့် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း အခွန်ထမ်းပြည်သူများက အခွန်ငွေပေးဆောင်ရာတွင် ဘဏ်များသို့ ငွေသားချက်လက်မှတ်များ၊ Payment Order (PO) များ၊ ငွေသွင်းချလန်များကို လူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်မှတစ်ဆင့် သွားရောက်ပေးသွင်းခြင်း နည်းလမ်းအစား လုံခြုံစိတ်ချမှုရှိပြီး အခွန်ပေးဆောင်မှု အဆင့်များတွင် လွယ်ကူမြန်ဆန်စွာ ပေးဆောင်နိုင်ရန်အတွက် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများအတွက် အခွန်ငွေ ပေးသွင်းမှုများ တိကျမှန်ကန်စေရန် မြန်မာအလိုအလျောက် (Myanmar Automated Cargo Clearance System-MACCS) တွင် e-Payment စနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့်လည်းကောင်း၊ MACCS Online Payment System-MOPS စနစ် အသုံးပြု၍ ပုဂ္ဂလိကဘဏ် (၆) ဘဏ်ဖြင့် ချိတ်ဆက်၍ အခွန်ငွေပေးဆောင်ခြင်းဖြင့်လည်းကောင်း အခွန်ငွေများ စနစ်တကျပေးသွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းကို UID စနစ်နှင့် ချိတ်ဆက်နိုင်ခြင်း မရှိသေးသော်လည်း အီလက်ထရောနစ် အခွန်ထမ်း မှတ်ပုံတင်ခြင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆိုပါစနစ်ကို အသုံးပြုပြီး ကုမ္ပဏီ၊ တစ်ဦးချင်း ပုဂ္ဂိုလ် စသည်ဖြင့် အခွန်ထမ်းပုဂ္ဂိုလ် အမျိုးအစားအလိုက် ဂဏန်း ၉ လုံးပါသည့် TIN နံပါတ်များကို သတ်မှတ်ပေးလျက်ရှိပါကြောင်း။

အခွန်ထမ်းများအနေဖြင့် TIN နံပါတ်လျှောက်ထားခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာန website တွင်ရှိသည့် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်သို့ ဝင်ရောက်၍ အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ လျှောက်ထားနိုင်ရန် စီမံဆောင်ရွက်ပေးထားပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးတင်ပြချက်များတွင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာရေးအတွက် အခွန်များ လျှော့ပေါ့ပေးနိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခွန်လျှော့ပေါ့ရေးကိစ္စ စသည့်ကိစ္စများလည်း ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရခြင်းဖြစ်သည့်အတွက် အခွန်နှုန်းလျှော့ပေါ့ရေးကိစ္စကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ တင်သွင်းသည့်အခါ လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေဖြင့် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုအား မှတ်တမ်းတင်ထား ရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာ ရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဆိုအပေါ် ဆောင်ရွက်မည့် အဆင့်ဆင့်သော လုပ်ငန်းတိုးတက်မှု အခြေအနေများကို စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် အဆိုကို မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်ရွှေက စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

*စာမျက်နှာ ၇ မှ*

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရက္ခီဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုပြည်သူ့ဆေးရုံအား ခုတင် (၁၀၀)ဆံ့ဆေးရုံမှ ခုတင်(၃၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (၂၅) ခုတင်ဆံ့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ တစ်ရုံ၊ မူလာရှီဒီးတိုက်နယ်ဆေးရုံ၊ လုံရှာယန်တိုက်နယ်ဆေးရုံနှင့် မန်စေတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ ငါးရုံဖွင့်လှစ်ထားရှိပါကြောင်း၊ ပူတာအိုပြည်သူ့ဆေးရုံသည် ခုတင် (၅၀၀) ဆံ့ မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးနှင့် ၂၁၈ မိုင်ကွာဝေးပြီး ပူတာအိုပြည်သူ့ဆေးရုံ၏ သုံးနှစ်အတွင်း ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၄၀ နှင့် ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှု ရာခိုင်နှုန်းမှာ (၄၀ ရာခိုင်နှုန်း) ရှိပါကြောင်း၊ ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှုရာခိုင်နှုန်းသည် သတ်မှတ်ထားသောမူအရ ခုတင် ၁၀၀ မှ ခုတင် ၂၀၀ အဆင့်သို့ ဦးစွာတိုးမြှင့်ပေးရမည်ဖြစ်ပြီး အဆင့်မြှင့်တင်ရန် ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိနေပါ၍ လတ်တလောဆေးရုံအဆင့်မြှင့်တင်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာအုပ်စုတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား (၂၅) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တစ်ရုံ၊ (၂၅) ခုတင်ဆံ့ စကုဆေးရုံ တစ်ရုံ၊ ရွာသာယာတိုက်နယ်ဆေးရုံနှင့် မုန်တောင်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ လေးရုံ ဖွင့်လှစ်ထားရှိပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံသည် မကွေးပြည်သူ့ဆေးရုံကြီးနှင့် ၁၁ မိုင်၊ မင်းလှမြို့နယ်ဆေးရုံနှင့် ၁၀ မိုင်၊ မင်းဘူးပြည်သူ့ဆေးရုံကြီးနှင့် ကိုးမိုင်ခန့် သာကွာဝေးပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံ၏ သုံးနှစ်အတွင်း တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေသည် ရှစ်ဦးသာရှိပြီး ဆေးရုံခွင့်ပြု ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်း သာရှိပါကြောင်း၊ သတ်မှတ်ချက်များအရ ဆေးရုံအဆင့်မြှင့်တင်ရန် သုံးနှစ်အတွင်း ခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်း ပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်လာပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အချိန်တွင် ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း လိုအပ်လျက်ရှိသည့် ဆေးရုံအဆောက်အအုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင်၏ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံကြီးများတွင် အရေးပေါ်ကုသသူ ဆရာဝန်/ဆရာမများ အရေးပေါ်ပြုစုစောင့်ရှောက်မှု အရည်အသွေးများ မြင့်မားလာစေရန် တိုက်နယ်ဆရာဝန်များ၊ မြို့နယ်ဆရာဝန်များအား Emergency Care Training and Basic Life Support သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Emergency Care Training များကို အထူးအစီအစဉ်အနေဖြင့် ဆေးတက္ကသိုလ်များရှိ အရေးပေါ်ကုသမှုဆေးပညာဌာနများမှ ပါမောက္ခများ ဦးဆောင်ကာ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ သွားရောက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်ကုသရေး ဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် သင်တန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ကုသမှုဆေးပညာ မဟာသိပ္ပံများကို ဆေးတက္ကသိုလ်များအလိုက် ဖွင့်လှစ်ကာ အရေးပေါ် ကုသမှုဆေးပညာဆိုင်ရာ အထူးကုဆရာဝန်များကို ပိုမိုမွေးထုတ်လျက်ရှိပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်များအတွက် အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်းကိုလည်း လုပ်ငန်းခွင်မပျက် တက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးထားပြီး ဒုတိယနှစ်ရောက်ရှိပြီဖြစ်ပါကြောင်း၊ သူနာပြုများအတွက် အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဆရာဝန်၊ သူနာပြုများအတွက် သာမက အထောက်အကူပြု ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ရှေးဦးအသက်ကယ်ပြုစုကုသမှုသင်တန်း (First Responder Course) များကို လိုအပ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရေးပေါ်ကုသမှုဆိုင်ရာ သင်တန်းများသည် စာတွေ့သာမက လက်တွေ့ကျွမ်းကျင်မှုတွင် လိုအပ်သည့် သင်တန်းများဖြစ်သောကြောင့် သင်တန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်စေရေးအတွက် ဆေးတက္ကသိုလ်များ၏ အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခများက ဦးဆောင်ပြီး သင်ကြားရေးအထောက်အကူပြုပစ္စည်းများ အပြည့်အစုံဖြင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ Emergency Care Training & Basic Life Support (BLS) Training များကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုနှင့်အညီ ပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ(က)(ခ)(စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့အား ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း** က အခန်း (၁၂) ပုဒ်မ (၁၀၃)တွင် “နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပေါ်ထွန်းသော မြေနုကျွန်း၊ ကျွန်းမြေနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်” ဟု ပါရှိပါကြောင်း၊ ရေကျ၍ ကျွန်းပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများ ပြောင်းလဲသွားသော မြေနုကျွန်းမြေအသစ်များကိုသာ လုပ်ပိုင်ခွင့်ထားနိုင်သဖြင့် လုပ်ပိုင်ခွင့်ရသူအငြင်းပွားခြင်း ပြဿနာကို လျှော့ချနိုင်ရေးအတွက် “ နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပြောင်းလဲပေါ်ထွန်းလာသော မြေနုကျွန်းမြေအသစ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်”ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

ပုဒ်မ(၁၀၄)တွင် “မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည်ဖြစ်ပြီး နှစ်စဉ် နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်” ဟု ဖော်ပြထားပါကြောင်း၊ ထိုစာသား**အစား** “ရေကျ၍ ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်တည်နေရာများ မပြောင်းလဲသည့်မြေနုကျွန်းကို မူလလုပ်ပိုင်ခွင့် ရထားသူအား ခွင့်ပြုပြီး ပြောင်းလဲသွားသော မြေနုကျွန်းမြေအသစ်၏ လုပ်ပိုင်ခွင့်ကို စီးပွားရေး စစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သောအင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်” ဟု ပြင်ဆင်ပေးစေလိုပါကြောင်း၊ ထိုသို့ပြင်ဆင်ခြင်းဖြင့် မူလလုပ်ကိုင်သူ အခွင့်အရေးအား မထိခိုက်မနစ်နာစေရန်နှင့် မြေနုကျွန်းမြေအသစ်လုပ်ပိုင်ခွင့်ရရှိသူအား ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်ခွင့်ရရှိစေမည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း**က နည်းဥပဒေပုဒ်မ (၁၀၃) နှင့် (၁၀၄) ပါ “တစ်နှစ်တစ်ရာသီ လုပ်ပိုင်ခွင့်” စနစ်ကြောင့် တောင်သူများ ဘဝအာမခံချက် ပျောက်ဆုံးနေပါကြောင်း၊ မြေနုကျွန်းမြေ ခွဲဝေရရှိထားသော တောင်သူများ၏ စိုက်ပျိုးလုပ်ပိုင်ခွင့်၊ ဆက်ခံပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့် အာမခံချက် ပိုမိုခိုင်မာလာစေရန် ဥပဒေတွင် “သင့်လျော်သော ကာလအပိုင်းအခြား သို့မဟုတ် ရေရှည်လုပ်ပိုင်ခွင့်” အဖြစ် ပြောင်းလဲကာ တိကျစွာ ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ ၁၀၆ (က) ၏ ပြဋ္ဌာန်းချက်ဖြစ်သော “ယခင်နှစ်က လုပ်ပိုင်ခွင့် ချထားပေးခဲ့မှုကို ထည့်သွင်းစဉ်းစားနိုင်သော်လည်း ယင်းအချက်ကို အဓိကအခြေခံခြင်း မပြုရ” ဟူသော ဝေဝါးချက်ကြောင့် မကြာခဏ တိုင်ကြားစာများ၊ အငြင်းပွားမှုများ ဖြစ်ပွားနေရပါကြောင်း၊ ထိုကိစ္စရပ်များ မြေပြင်တွင် ဖြေရှင်းနိုင်ရန်အတွက် မြေနုကျွန်းမြေခွဲဝေခြင်း လုပ်ငန်းစဉ်များတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၌ တောင်သူကိုယ်စားလှယ်များ ပိုမိုပါရှိစေခြင်း၊ ပွင့်လင်းမြင်သာစွာ ကြေညာ၍ ခွဲဝေခြင်း စသည့် စိစစ်မှုဆိုင်ရာ နည်းဥပဒေပုဒ်မခွဲ(စ) အပါအဝင် အချက်အလက်များကို ပိုမိုတင်းကျပ်ပြတ်သားစွာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ(၁၁၂) တွင် လုပ်ပိုင်ခွင့်ရသူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရာတွင် အသုံးအနှုန်းများနှင့် အချို့သော စကားရပ်များသည် စာသားအရ ကျယ်ပြန့်လွန်းပြီး တိကျပြတ်သားမှု မရှိသောကြောင့် မပြတ်သားသော စကားလုံးများနှင့် ဝေဝါးနေသော ပုဒ်မခွဲများကို ခေတ်စနစ်နှင့်အညီ တိကျပြတ်သားသော စကားလုံးများအဖြစ်သို့ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ** က နည်းဥပဒေ (၁၀၃) ပါ အချက်မှ ပေါ်ထွန်းလာသော မြေနုကျွန်းများသည် နှစ်စဉ်တည်နေရာ ပုံသဏ္ဌာန်အားဖြင့် ပြောင်းလဲလေ့ရှိသဖြင့် “ပြောင်းလဲ” ပေါ်ထွန်းလာသော မြေနုကျွန်းမြေ “အသစ်” ဟု စကားလုံး ပြောင်းလဲသုံးစွဲခြင်းဖြင့် အဓိပ္ပာယ်အရ လုပ်ပိုင်ခွင့်ရသူ အငြင်းပွားမှုများ လျှော့ချနိုင်မည်ဖြစ်သောကြောင့် သင့်မြတ်မှုရှိပါကြောင်း။

နည်းဥပဒေ(၁၀၄) အရ ပြောင်းလဲခြင်းမရှိသော မြေနုကျွန်းများလုပ်ပိုင်ခွင့်ကို မူလလုပ်ကိုင်ခွင့်ရထားသူအား လုပ်ခွင့်ပြုခြင်း၊ ပြောင်းလဲသွားသော မြေနုကျွန်းအသစ်များကို ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့ သူရင်းငှားများကို လုပ်ကိုင်ခွင့်ပေးရေးအဆိုသည် မူလလုပ်ကိုင်သူ အခွင့်အရေးကို မထိခိုက်စေဘဲ မြေအသစ်လုပ်ပိုင်ခွင့် ရရှိသည့်သူများလည်း ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံ** က ၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီသည် နိုင်ငံတော်အား ကိုယ်စားပြု၍ လယ်ယာမြေလုပ်ပိုင်ခွင့်များကို ချထားခြင်း၊ ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်း၊ အငြင်းပွားမှုများကို စီမံဆုံးဖြတ်ခြင်း စသဖြင့်အရေးကြီးသော မြေယာစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေက လုပ်ပိုင်ခွင့်များကို အပ်နှံထားသော်လည်း ထိုလုပ်ပိုင်ခွင့်ကို ကျင့်သုံးမည့် အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာကျွမ်းကျင်မှု၊ တရားမျှတစွာဖြင့် ဘက်မလိုက်ဘဲ ဆုံးဖြတ်နိုင်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို လုံလောက်စွာ အာမခံထားနိုင်ခြင်း ရှိ၊ မရှိသည် ပြန်လည်သုံးသပ်သင့်သည့် ကိစ္စရပ်တစ်ခု ဖြစ်လာပါကြောင်း။

အချို့ဒေသများတွင် ဥပဒေကို နားလည်မှုမလုံလောက်ခြင်းကြောင့်ဖြစ်စေ၊ ဥပဒေကို နားလည်သော်လည်း ကိုယ်ကျိုးစီးပွားအရ ဥပဒေကို မျက်ကွယ်ပြုခြင်းကြောင့်ဖြစ်စေ၊ မြေနုကျွန်း လုပ်ပိုင်ခွင့် ခွဲဝေမှုများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအကြား အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် တရားစွဲဆိုမှုများ တိုးပွားလာနေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေနည်းဥပဒေ အခန်း (၁၂) ပါ ပုဒ်မ ၁၀၃၊ ၁၀၄၊ ၁၀၆ နှင့် ၁၁၂ တို့ကို ပြင်ဆင်ရာတွင် လုပ်ငန်းစဉ်များ ပိုမိုပွင့်လင်းမြင်သာစေရေး၊ ရပ်ကွက်/ကျေးရွာအဆင့် စိစစ်ဆုံးဖြတ်မှုများတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှုကို ပိုမိုခိုင်မာစေရေး၊ ဆုံးဖြတ်ချက်များအပေါ် လွတ်လပ်သည့် ပြန်လည်သုံးသပ်မှုနှင့် အယူခံစနစ်များ ပိုမိုပြည့်စုံစေရေးတို့ကို ထည့်သွင်းပြင်ဆင်သင့်ပါကြောင်း၊ ထိုသို့ ပြင်ဆင်နိုင်မှသာ မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားပေးခြင်းသည် ဥပဒေနှင့်အညီ၊ တရားမျှတမှုရှိပြီး တောင်သူလယ်သမားများ၏ ယုံကြည်မှုကိုရရှိသည့် စနစ်တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦး** က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခဲ့သော်လည်း မြေနုကျွန်းမြေများကို လုပ်ကိုင်ခွင့်ချထားပေးရာတွင် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ တစ်နှစ်တစ်ရာသီသာ လုပ်ပိုင်ခွင့်ရသော မြေနုကျွန်းမြေကို လုပ်ပိုင်ခွင့်ပေးရာတွင် ပွင့်လင်းမြင်သာမှု မရှိသေးသည့်အတွက် အမှန်တကယ်လုပ်ကိုင်သော လယ်မဲ့ယာမဲ့ သူရင်းငှားများသည် လုပ်ပိုင်ခွင့်ရရှိခဲ့ခြင်း မရှိခဲ့ပါကြောင်း။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပုဒ်မ ၁၀၆(င) တွင် တောင်သူလယ်သမား အိမ်ထောင်မိသားစုတစ်ခုအတွက် သတ်မှတ်လျာထားသည့် ဧရိယာအတိုင်း အကွက်များရိုက်၍ အမှတ်စဉ်တပ်ထားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထိုကဲ့သို့ အကွက်များရိုက်ထားသော မြေနုကျွန်းမြေကို နည်းဥပဒေပုဒ်မ ၁၀၆ (ခ) အရ အဆိုပါမြေနုကျွန်းမြေနှင့် အနီးကပ်ဆုံး သတ်မှတ်သည့် ကျေးရွာမှ လုပ်ပိုင်ခွင့်ရှိသူအားလုံး၏ အမည်စာရင်းကို ပွင့်လင်းမြင်သာစွာကြေညာ၍ အမှတ်စဉ်များကို စနစ်တကျမဲစနစ်ဖြင့် ရွေးချယ်လုပ်ပိုင်ခွင့်ပေးနိုင်မှသာ ကျွန်းနုမြေအသစ်များအတွက် တည်နေရာ၊ ပုံသဏ္ဌာန်ပြောင်းသွားသော်လည်း အငြင်းပွားမှုမရှိဘဲ တောင်သူများအနေဖြင့် လုပ်ကိုင်ခွင့်ရရှိလိမ့်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားရေးအတွက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည့် ၂၀ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း သဘောတူညီချက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး




**နေပြည်တော် ဇူလိုင် ၂၀**

ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု နည်းပညာကွန်ဖရင့်နှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု နည်းပညာကွန်ဖရင့်ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် AI အသုံးပြုနိုင်မှု ကွာဟချက်ကို လျှော့ချရန်၊ မျှတမှုရှိသော ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်တို့ကို ထူထောင်ရန်နှင့် AI နည်းပညာများကို နိုင်ငံများနှင့် လူသားအားလုံး၏ အကျိုးစီးပွားအတွက် ပိုမို၍အသုံးချလာနိုင်စေရန် ဟူသည့် အဓိကရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံက ဦးဆောင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် Shanghai Grand Hall၌ပြုလုပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization – WAICO) ဖွဲ့စည်းခြင်း သဘောတူညီချက်အား လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ရာ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Wang Yi က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သဘောတူညီချက်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် Shanghai Expo Center ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ သမ္မတ ရှီကျင့်ဖျင်က AI နည်းပညာနှင့်စပ်လျဉ်းပြီး လုံခြုံရေး၊ ကျင့်ဝတ်နှင့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းရန်၊ AI အား လူသား၏ထိန်းချုပ်မှုအောက်တွင်ထားရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ AI အုပ်ချုပ်မှုပုံစံကို ပုံဖော်ရာတွင် မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ထည့်သွင်းစဉ်းစားရန်၊ နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကို လေးစားပြီး အားလုံးပါဝင်နိုင်သည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေးဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးဆဲ Global South နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒီဂျစ်တယ်ကွာဟမှု လျှော့ချရေးတို့ကို အဓိကထားဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ပြီး ကွန်ဖရင့်အား ညနေ ၅ နာရီအထိ သက်ဆိုင်ရာ ကဏ္ဍခွဲများအလိုက် ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် Shanghai International Convention Center ၌ ကျင်းပသည့် WAICO ဖွဲ့စည်းထူထောင်ခြင်းအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက WAICO ကို ကျင့်ဝတ်နှင့်ညီညွတ်သော၊ အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့သော AI ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်လာစေရန်၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် AI ကွာဟမှုလျှော့ချရေး၊ ဆိုက်ဘာလုံခြုံရေး၊ သတင်းမှားပြန့်ပွားမှု တိုက်ဖျက်ရေးတို့ကဲ့သို့သောကဏ္ဍများတွင် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း AI နည်းပညာသည် ကမ္ဘာ့လူသားအားလုံးကို စွမ်းဆောင်ရည် မြှင့်တင်ပေးသော၊ သာယာဝပြောရေးကို မြှင့်တင်ပေးသော၊ လုံခြုံရေးကို ကာကွယ်ပေးသောပုံစံဖြင့် တိုးတက်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် ဇူလိုင် ၁၇ ရက် ညနေပိုင်းတွင် Shanghai Expo Center တွင် ပြသထားသည့် AI ပြခန်းများသို့ တရုတ်နိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက်တွင် ကမ္ဘာလုံးဆိုင်ရာ အေအိုင်အုပ်ချုပ်မှု အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် AI ၏ ကြီးမားသည့် အလားအလာများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် AI နည်းပညာကွာဟချက်ကို နိုင်ငံအားလုံး ပူးပေါင်းလျှော့ချသွားရန် အရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများကို တိုးချဲ့ပေးရန်၊ ဒေတာအချက်အလက်ရရှိနိုင်မှုနှင့် ကွန်ပျူတာတွက်ချက်နိုင်စွမ်းကို မြှင့်တင်ပေးရန်နှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ AI နည်းပညာကြောင့်ဖြစ်ပေါ်လာသော ဆိုက်ဘာလုံခြုံရေး၊ သတင်းအမှားများ၊ အွန်လိုင်းလိမ်လည်မှု၊ ကိုယ်ရေးအချက်အလက် ပေါက်ကြားမှုနှင့် အရေးကြီးအခြေခံအဆောက်အအုံများအပေါ်ခြိမ်းခြောက်မှု စသည့်အန္တရာယ်များကို ပူးပေါင်းကာကွယ်ရန်လိုကြောင်းနှင့် AI သည် လူသားအားလုံးအတွက် ပိုမိုတောက်ပပြီး ရေရှည်တည်တံ့သော အနာဂတ်ကို ဖော်ဆောင်ပေးသော အင်အားတစ်ရပ် ဖြစ်လာစေရန် တိုက်တွန်းပါကြောင်း၊ AI ကို လူသားဗဟိုပြုသည့်စနစ်ဖြစ်လာစေရေး၊ ဘေးကင်းလုံခြုံမှုရှိကာ ကျင့်ဝတ်နှင့်ညီညွတ်ပြီး တာဝန်ယူမှုရှိသော နည်းပညာအဖြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကို လေးစားသည့် ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှု မူဘောင်များ တည်ဆောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ကွန်ဖရင့်သို့ တက်ရောက်ရန် ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးအား ကွမ်ရှီးပြည်နယ် Data Bureau of Guangxi ၏ အကြီးအကဲက ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုနေထိုင်ရာ Grand Central Hotel Shanghai သို့ လာရောက်တွေ့ဆုံ၍ China–ASEAN AI ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် အစီအစဉ်များကို ဆွေးနွေးသည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများသို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်၊ ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် နိုင်ငံများမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ၊ AI ဆိုင်ရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ် ၁၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂) ဆောင်ရွက်နိုင်ရေး ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စင်တာ (IPRCC) နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ **"ကျေးရွာအဆင့် ဆင်းရဲမှု လျှော့ချရေးစံပြစီမံကိန်း(အဆင့်-၂)"** ဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် စီမံကိန်းဆောင်ရွက်ရန် လျာထားသည့် ကျေးရွာနှစ်ရွာတွင် ကနဦးလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရန် လျာထားသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိဗ္ဗထောကျေးရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အညာစု ကျေးရွာတို့တွင် ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများအတွက် ကျေးရွာ၏ ပကတိလိုအပ်ချက်များအား ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း၊ မြေပြင်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ စီမံကိန်းကျေးရွာမှ ဖော်ထုတ်ရရှိခဲ့သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သုံးသပ်ဆွေးနွေးခြင်းတို့ကို ဇူလိုင် ၆ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထို့နောက် စီမံကိန်း(အဆင့်-၂) ဒီဇိုင်းရေးဆွဲနိုင်ရေးအတွက် "ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်း (အဆင့်-၁)" ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာရှိ ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၌ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ခဲ့သည်။

စီမံကိန်း(အဆင့်-၂)ကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိဗ္ဗထောကျေးရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အညာစုကျေးရွာတို့တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပူးပေါင်း၍ ကနဦးလေ့လာဆန်းစစ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ကိုယ်စားလှယ်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် နှစ်နိုင်ငံ သဘောတူညီချက်စာလွှာ (Exchange Letter) လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၂)

## စမတ်တက္ကသိုလ်နယ်မြေ/ကျောင်းဝင်းများ

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ် - ငြိမ်း)

**ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ တိုးတက်နေပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနဆောင်ရွက်နေမှုများကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။**

Smart Campus (စမတ်တက္ကသိုလ်ကျောင်းဝင်း/ နယ်မြေ) ဆိုသည်မှာ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ အဆောက်အအုံများနှင့် လုပ်ငန်းစဉ်များအတွင်း ဒီဂျစ်တယ်နည်းပညာများနှင့် အင်တာနက် (Internet of Things – IoT) အာရုံခံကိရိယာများကို ပေါင်းစပ်အသုံးပြုထားသော စနစ်တစ်ခု ဖြစ်ပါသည်။

ဤစနစ်သည်

- ကျောင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ပိုမိုထိရောက်စေပါသည်။
- ကျောင်းဝင်းအတွင်း လုံခြုံရေးကို မြှင့်တင်ပေးပါသည်။
- ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် အသုံးပြုရ လွယ်ကူသော ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။
- မိုဘိုင်းအက်ပ်များနှင့် ချိတ်ဆက်ထားသော ဝန်ဆောင်မှုများမှတစ်ဆင့် အသုံးပြုသူအတွေ့အကြုံကို ပိုမိုကောင်းမွန်စေပါသည်။

**စမတ်တက္ကသိုလ်ကျောင်းဝင်း၏ အဓိကအစိတ်အပိုင်းများ**

**(က) ဝင်ရောက်ခွင့်ထိန်းချုပ်မှု**

စမတ်တက္ကသိုလ်နယ်မြေတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ဧည့်သည်များ ဝင်ရောက်လေ့လာ၊ သင်ယူရာတွင် လူတိုင်းအသုံးပြုရသော ရိုးရာသော့စနစ်ကတ်များအစား လက်ကိုင်ဖုံး၊ ဒီဂျစ်တယ်စနစ်အမှတ်အသား၊ လက်ဗွေ၊ မျက်နှာအသိအမှတ်ပြုစနစ်တို့ကို အသုံးပြု၍ ကျောင်းဆောင်များ၊ စာသင်ခန်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ စာကြည့်တိုက် စသည်တို့သို့ ဝင်ရောက်ရသည့်စနစ်ဖြစ်ပါသည်။

**(ခ) နေရာစီမံခန့်ခွဲမှု**

အင်တာနက်စနစ်များဖြင့် စာဖတ်ခန်း၊ စာကြည့်တိုက်၊ အစည်းအဝေးခန်း၊ ဆွေးနွေးခန်းတို့၏ အသုံးပြုနေမှုကို အချိန်နှင့်တစ်ပြေးညီ ပြသပေးနေပါသည်။

ထို့ကြောင့် ဘယ်နေရာလွတ်နေသလဲ၊ ဘယ်အခန်းအသုံးပြုနေသလဲ၊ ကျောင်းသား ကျောင်းသူများ ဆွေးနွေးရာတွင် ဘယ်အခန်းကို အသုံးပြုလျှင်ရမလဲ စသည်တို့ကို မိမိလက်ကိုင်မိုဘိုင်းဖုန်းမှ ကြည့်ရှုနိုင်၊ ကြိုတင်စာရင်းသွင်းထားခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။



စမတ်တက္ကသိုလ် စာသင်ခန်းတစ်ခု။

**(ဂ) လုံခြုံရေးနှင့် စောင့်ကြည့်ရေး**

ဉာဏ်ရည်တုနည်းပညာ (Artificial Intelli–gence – AI) ပါဝင်သော ကင်မရာများကို အသုံးပြု၍ သံသယဖြစ်ဖွယ်လှုပ်ရှားမှုများ၊ ကျောင်းတွင်းယာဉ်အသွားအလာ၊ မီးလောင်မှု၊ လူစုလူဝေးစုစည်းမှု၊ အတွင်းလေထုအရည်အသွေးတို့ကို စောင့်ကြည့်ပေးပါသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများအတွင်း မလိုလားအပ်သောသူများ မဝင်ရောက်နိုင်ရေးအတွက် အလွယ်တကူစစ်ဆေးနိုင်သော အလွန်အရေးပါသော လုံခြုံရေးစနစ်တစ်ခု ဖြစ်နေပါသည်။

**(ဃ) လမ်းညွှန်စနစ်**

တက္ကသိုလ်နယ်မြေအတွင်း (Campus Mobile Application) ကွန်ပျူတာစနစ်များမှ တစ်ဆင့် ကျောင်းအဆောက်အအုံများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်၊ ဓာတ်ခွဲခန်းများကို ဂျီပီအက်စနစ် (GPS) နှင့် လက်ကိုင်ဖုန်းမြေပုံစနစ် (Indoor Map) များဖြင့် လွယ်ကူစွာ ရှာဖွေနိုင်ပါသည်။

**(င) သင်ကြားရေးနှင့် စီမံခန့်ခွဲရေး**

ဤစနစ် (Smart Campus) သည် သင်ကြား၊ သင်ယူမှုစီမံခန့်ခွဲမှုစနစ် (Learning Management System – LMS)၊ ကျောင်းတက်ရောက်မှု၊ အုပ်ချုပ်ရေး၊ စွမ်းအင်စီမံခန့်ခွဲမှုတို့ကို အခန်းတစ်ခန်း၊ စနစ် (Dashboard) တစ်ခုတည်းမှ စီမံခန့်ခွဲနိုင်ပါသည်။

**Smart Campus စနစ်၏ အဓိကရည်ရွယ်ချက်**

ဤစနစ်၏ အရေးကြီးဆုံး ရည်ရွယ်ချက်မှာ တီထွင်ဖန်တီးနိုင်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သော သင်ကြား၊ သင်ယူမှုပတ်ဝန်းကျင် (Smart Learning Environment) တစ်ခုဖန်တီးပေးရန် ဖြစ်ပါသည်။

သို့သော် Smart Campus ဆိုသည်မှာ နည်းပညာများကိုသာ တပ်ဆင်ထားခြင်းကို မဆိုလိုပါ။ အရေးကြီးသည်မှာ သင်ကြားရေး၊ ကျောင်းသားဗဟိုပြုသင်ယူမှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးရမည် ဖြစ်ပါသည်။

ဤစနစ်သည် ကျောင်းသားများနှင့် ဝန်ထမ်းများ၏လုပ်ငန်းများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုထားပါသည်။

ဥပမာ— ကွန်ပျူတာမှ ကျောင်းသားစီမံခန့်ခွဲမှုစနစ် (Cloud–based Student Portal)၊ အတန်းအချိန်စာရင်း၊ အွန်လိုင်းမှ လေ့လာရန် အချက်အလက်များ၊ ဒီဂျစ်တယ်လက်မှတ်စနစ်၊ စမတ်စာသင်ခန်း၊ ပူးတွဲသုတေသနဆောင်ရွက်စနစ် (Research Collaboration Tools) စသည်တို့ကို အသုံးပြုနိုင်ပါသည်။

နမူနာအနေဖြင့် အမေရိကန်နိုင်ငံ ကင်တတ်ကီတက္ကသိုလ် (University of Kentucky, USA)၊ တွင် ပန်းသီးတယ်လီဖုန်းကုမ္ပဏီ (Apple Tele–phone Co.)နှင့် ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူတိုင်းအား ဒီဂျစ်တယ်ကိရိယာ (Digital Device) များ ထောက်ပံ့ပေးခဲ့ပါသည်။ ဤလုပ်ဆောင်ချက်ကြောင့် မြို့ပြတွင်နေသောကျောင်းသား ကျေးလက်တွင်နေသော ကျောင်းသား ကျောင်းသူများ အားလုံး ဒီဂျစ်တယ်လေ့လာရေးစနစ်ကို တန်းတူညီမျှ အသုံးပြုနိုင်ခဲ့ပါသည်။ ထို့ပြင် အီလက်ထရောနစ်အားကစား (Esports) ကို လည်း အပြိုင်အဆိုင်အဖြစ် သာမက အပန်းဖြေအားကစားမိသားစုအုပ်စုတစ်ခု ဖွံ့ဖြိုးစေရန်ရည်ရွယ်ပြီး ပံ့ပိုးပေးထားပါသည်။

**စာရေးသူ၏အတွေး**

စိုက်ပျိုးမွေးမြူရေးခေတ်သစ်အတွက် အဆင့်မြင့် စမတ်တက္ကသိုလ်ကျောင်းဝင်းများနှင့် လက်တွေ့သုတေသနပြုမှုများ၏ ဆန်းသစ်ပြောင်းလဲလာမှုနှင့်အတူ တိုးပွားလာသော ကမ္ဘာ့လူဦးရေ (၂၀၅၀) ပြည့်နှစ်တွင် လူဦးရေဆယ်ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်ရှားပါးမှုနှင့်လုပ်သားအင်အားလိုအပ်ချက် စသည့် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

ဤစိန်ခေါ်မှုများကို လျှော့ချရန်အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ရိုးရာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှသည် ဒီဂျစ်တယ်နည်းပညာ၊ အလိုအလျောက်စနစ်များကိုအခြေခံသည့် စမတ်စိုက်ပျိုးမွေးမြူရေး (Smart Agriculture) သို့မဟုတ် စိုက်ပျိုးမွေးမြူရေး ၄.၀ (Agriculture 4.0) သို့ ကူးပြောင်းလျက်ရှိနေပါသည်။ ဤအကူးအပြောင်းတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည့်အဆင့်မြင့်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအဖွဲ့အစည်းများသည် အဓိကမောင်းနှင်အားများ ဖြစ်လာကြပါသည်။

တက္ကသိုလ်များသည် “စမတ်ကျောင်းဝင်းများ” (Smart Campuses) နှင့် “စမ်းသပ်စမတ်စိုက်ကွင်းများ” (Experimental Smart Farms) ကို တည်ထောင်ခြင်းဖြင့် အဆင့်မြင့်သုတေသနပြုခြင်း၊ နည်းပညာဆန်းသစ်ခြင်းနှင့် ဘာသာရပ်ပေါင်းစုံ သင်ကြားရေးတို့ကို တစ်ပြိုင်နက် လုပ်ဆောင်နိုင်သည့် “လက်တွေ့စမ်းသပ်ခန်းကြီးများ” (Living Laboratories) အဖြစ် ရပ်တည်လျက်ရှိရမည်ဖြစ်ပါသည်။

နိုင်ငံတကာတွင်တော့ တက္ကသိုလ်များမှ ရှာဖွေတွေ့ရှိခဲ့သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသုံးချသုတေသန (Applied Research in Agriculture) တွေ့ရှိချက်များသည် လက်ရှိစိုက်ပျိုးမွေးမြူနေသော တောင်သူဦးကြီးများအတွက် ခွန်အားတစ်ရပ်ဖြစ်နေပါသည်။ စိုက်ပျိုးမွေးမြူရေး အခြေပြုထားသော စာရေးသူတို့နိုင်ငံ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအတွက် အနည်းဆုံး ခေတ်မီ လေ့လာသင်ကြားမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ် (LMS _Learning Manage–ment System) က ပထမဆုံးစတင်ရမည့် ဒီဂျစ်တယ်ပညာရေးစနစ် (Digital Education) ဖြစ်ရပါတော့မည်။ ။

> **“ တက္ကသိုလ်များသည် “စမတ်ကျောင်းဝင်းများ”** (Smart Campuses) **နှင့် “စမ်းသပ်စမတ်စိုက်ကွင်းများ”** (Experimental Smart Farms) **ကို တည်ထောင်ခြင်းဖြင့် အဆင့်မြင့် သုတေသနပြုခြင်း၊ နည်းပညာဆန်းသစ်ခြင်းနှင့် ဘာသာရပ်ပေါင်းစုံ သင်ကြားရေးတို့ကို တစ်ပြိုင်နက် လုပ်ဆောင်နိုင်သည့် “လက်တွေ့ စမ်းသပ်ခန်းကြီးများ”** (Living Laboratories) **အဖြစ် ရပ်တည်လျက်ရှိရမည် ”**

> **နိုင်ငံတကာတွင်တော့ တက္ကသိုလ်များမှ ရှာဖွေတွေ့ရှိခဲ့သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသုံးချသုတေသန** (Applied Research in Agriculture) **တွေ့ရှိချက်များသည် လက်ရှိစိုက်ပျိုးမွေးမြူနေသော တောင်သူဦးကြီးများအတွက် ခွန်အားတစ်ရပ်ဖြစ်နေပါသည်။ စိုက်ပျိုးမွေးမြူရေးအခြေပြုထားသော စာရေးသူတို့ နိုင်ငံ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအတွက် အနည်းဆုံးခေတ်မီလေ့လာသင်ကြားမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်** (LMS _Learning Management System) **က ပထမဆုံး စတင်ရမည့် ဒီဂျစ်တယ်ပညာရေးစနစ်**(Digital Education)**ဖြစ်ရပါတော့မည် ”**



## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သိပ္ပံပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အားကစားသမားပေါင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်

ဘားအံ ဇူလိုင် ၂၀

ကရင်ပြည်နယ် အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်နှင့် သိပ္ပံများမှအမျိုးသားဘော်လီဘော အသင်း ခုနစ်သင်း၊ အမျိုးသမီး ဘော်လီဘောအသင်း ငါးသင်း၊ အားကစားသမားပေါင်း ၁၂၀ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် ပြည်နယ် ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သိပ္ပံပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လှုာကမြင်ကွက်သစ်ရှိ ဖွဲကပင် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီး ချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ် ပေးကာ ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် သည်။

ထို့နောက်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များနှင့်အတူ အဖွင့်ပွဲစဉ် အဖြစ် နည်းပညာတက္ကသိုလ် အမျိုးသားဘော်လီဘောအသင်း နှင့် ကွန်ပျူတာတက္ကသိုလ် အမျိုး သား ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှု အားပေးကြပြီး ပြိုင်ပွဲအပြီးတွင် နည်းပညာတက္ကသိုလ် အမျိုးသား ဘော်လီဘောအသင်းက နှစ်ပွဲ ပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နန့်ကွေ့ချောင်းရေမြင့်တက်မှုကြောင့် ရှမ်းမျိုးနွယ်စုများ ယာယီတိမ်းရှောင်စခန်းနေမိသားစုများ ပြောင်းရွှေ့နေရာချထား

မြစ်ကြီးနား ဇူလိုင် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးရေသည် ၁၈၄ မီလီမီတာ (၇ ဒသမ ၂၄) လက်မအထိ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် နန့်ကွေ့ချောင်းရေမြင့်တက်လာပြီး အဆိုပါနန်းကွေ့ချောင်းဘေးရှိ ရှမ်းမျိုးနွယ်စုများ ယာယီတိမ်းရှောင်စခန်း ယာယီနေအိမ် အဆောက်အအုံများအတွင်း ရေဝင်ရောက်ခဲ့သဖြင့် ရွှေပြည်သာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ပြောင်းရွှေ့နေထိုင်စေခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းက အဆိုပါမိသားစုများကို သွားရောက်တွေ့ဆုံအားပေးသည်။ **(အောက်ပုံ)**

ထို့နောက် လတ်တလော ရေဘေးသင့်အိမ်ထောင်စု ၁၂၃ စုတို့ စားသောက်မှုအဆင်ပြေစေရေး ဆန် ၂၄ ပြည်ပါ အိတ် ၁၂၃ အိတ်နှင့် ခေါက်ဆွဲခြောက်ဖာ ၅၀ ကို ထောက်ပံ့ပေးအပ်ပြီး မိသားစုများ အမြန်ဆုံး ပြောင်းရွှေ့ပေးနိုင်ရေးအတွက် လျာထားမြေနေရာကို ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လတ်တလောချက်ပြုတ်စားသောက်နိုင်ရေး အိုး၊ ခွက်၊ ပန်းကန်များနှင့် ထမင်းဘူးများ ထောက်ပံ့နိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရေး၊ ကျောင်းနေကလေးများ အဆင်ပြေစွာ ကျောင်းသွားနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်း ပိုင်ရှင်ဦးခေါင်ဇယ်၏ ခြံနှင့်လယ်ကုန်းဗက်လင်၊ ဇီးအုန်စသည့်စခန်းများတွင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ယာယီနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၉၀ နှင့် သွားရောက်တွေ့ဆုံပြီး အိမ်ထောင်စုများအတွက် ဆန် ၂၄ ပြည်ပါ အိတ် ၁၉၀ ကို ထောက်ပံ့ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**



▲ *ရွှေဖုံးမှ*

ဆင်သေ ရေလှောင်တမံ ရေသောက်စနစ်တွင် ပါဝင်သည့် တပ်ကုန်းမြို့နယ် ထန်းတောကြီး ကျေးရွာနှင့် ကံလှကျေးရွာအနီးရှိ မိုးစပါးနှင့် မိုးသီးနှံစိုက်ဧကများအတွက်စိုက်ပျိုးရေပေးဝေနေမှုကို ယမန်နေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ဥယျာဉ်ကျေးရွာ အနီးရှိ အချင်း ၁၀ လက်မ စက်ရေတွင်း ခြောက်တွင်း၊ အချင်း ရှစ်လက်မ စက်ရေတွင်း သုံးတွင်းဖြင့် ရေတင်၍ ဆင်သေလက်ယာ မြောင်းမကြီးအဖျားသို့ ဖြည့်စွက် စိုက်ပျိုးရေပေးဝေနေမှု၊ တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအနီး ဆိုလာစက်ရေတွင်း လေးတွင်းဖြင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်မှု (Ground Water Recharge) ကောင်းမွန်သောနေရာများ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းများ တူးဖော်၍ မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အထိ စက်ရေတွင်း ၆၇ တွင်း အကျိုးပြုဧက ၁၈၀၅ ဧက တူးဖော်ဆောင်ရွက်ခဲ့ပြီး (၂၀၂၆-၂၀၂၇) ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စက်ရေတွင်းရှစ်တွင်း အကျိုးပြုဧက ၂၄၀၊ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် စက်ရေတွင်း ၁၆ တွင်း အကျိုးပြုဧက ၄၈၀ နှင့် ရှောက်ကုန်း ဆိုလာရေတင်လုပ်ငန်းမှ အကျိုးပြုဧက ၁၀၀ လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




❍ *ရွှေဖုံးမှ*

၉၇၄၁ ဒသမ ၈၆၈ တန် တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၆၈ သန်း၊ ပုစွန်တင်ပို့မှုအနေဖြင့် တန် ၅၆ ဒသမ ၄၂၀ တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၁ သန်းနှင့် ငါးပိ/ ငါးခြောက် စသည်ဖြင့် တင်ပို့မှုမှာ တန်ချိန် ၆၈၂၇ ဒသမ ၁၉၉ တန် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၄၆၆ သန်းရရှိခဲ့ရာ စုစုပေါင်း ပြည်ပငါးတင်ပို့မှုတန်ချိန် ၁၆၆၂၅ ဒသမ ၄၈၇ တန် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၄၅ သန်း ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံပေါင်း ၃၀ သို့ တင်ပို့လျက်ရှိရာပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ငါးတင်ပို့မှု တန်ချိန် ၄၆၃၇၈၈ ဒသမ ၃၉ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၆၈၉ ဒသမ ၁၅၀ ရရှိခဲ့သည်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကို အဓိကတင်ပို့လျက်ရှိပြီး ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘဏ္ဍာနှစ်အလိုက် ပြည်ပငါးတင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃၆၀၆၈ ဒသမ ၅၂၁ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၆၆၆ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၁၄၈၄၁ ဒသမ ၃၆၇ တန်တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၂၂၇ သန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၂၂၅၆၅ ဒသမ ၈၁၄ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၄၂၂ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၅၃၈၉၃ ဒသမ ၂၂၆ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၄၆၇ သန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၆၃၇၈၈ ဒသမ ၃၉၀ တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာသန်း ၆၈၉ ဒသမ ၁၅၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် MSME ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ပို့နိုင်ရန် သင်တန်းပေးခြင်းနှင့် နည်းစနစ်မှန်ကန်စွာမွေးမြူနိုင်ရေးအတွက် ကွင်းဆင်းအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**TMK**

## အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရန် ကြက်သားနှင့် ကြက်ဥများ ရောင်းချပေး

နေပြည်တော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့မဈေး၌ မွေးမြူထုတ်လုပ်သူများက မော်တော်ယာဉ်များဖြင့် ကိုယ်တိုင်လာရောက်၍ ကြက်သားနှင့် ကြက်ဥများကို ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် စားသုံးသူပြည်သူများအနေဖြင့် ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများ၏ မွေးမြူရေးခြံများသို့လည်း ကြက်သားနှင့် ကြက်ဥများကို နေ့စဉ်သွားရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုမျိုး(သတင်းစဉ်)**




**တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ**

နေပြည်တော် ဇူလိုင် ၂၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# နိုင်ငံ့ဝင်ငွေတိုးတက်စေမည့် ဈေးကွက်ဝင် မက္ကဒေးမီးယားသီးနှံ

**မက္ကဒေးမီးယားဟုခေါ်သော အစေ့အဆန်ရရှိသည့်အပင်ကို မြန်မာနိုင်ငံ၌ ဒေသအခေါ်အားဖြင့် ချောကလက်သီး ဟူ၍လည်းကောင်း၊ သော့သီးဟူ၍ လည်းကောင်း ခေါ်တွင်ကြသည်။ မက္ကဒေးမီးယားအဆန်သည် စားသုံးရာတွင် အနံ့၊ အရသာ ကောင်းမွန်မှုကြောင့် အကောင်းဆုံးသောအစေ့အဆန်ဖြစ်ပြီး တန်ဖိုးကြီးမြင့်၍ ဈေးကောင်းရရှိနေသော နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ပါသည်။**

ခင်ခင်(စိုက်ပျိုးရေး)

**မူရင်းဒေသနှင့် လက်ရှိစိုက်ပျိုးနေမှု**

ကမ္ဘာတွင် မက္ကဒေးမီးယား အများအပြား စိုက်ပျိုးသောနိုင်ငံများမှာ နယူးဇီလန်၊ ဇင်ဘာဘွေ၊ မာလဝီ၊ တောင်အာဖရိက၊ ကင်ညာ၊ အစ္စရေး၊ ဂွါတီမာလာ၊ ဘရာဇီး၊ မက္ကဆီကို၊ ကော်စတာရီကာဒေသတို့ ဖြစ်ကြသည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါပြည်နယ်တို့တွင်လည်း ဟာဝိုင်ယီပြည်နယ်ကဲ့သို့ မက္ကဒေးမီးယားကို အလေးထား စိုက်ပျိုးနေကြသည်။

အလားတူ မြန်မာနိုင်ငံ၌လည်း ၁၉၈၂-၁၉၈၃ ခုနှစ်တွင် မက္ကဒေးမီးယားပျိုးပင်များကို ဩစတြေးလျနိုင်ငံမှ မှာယူတင်သွင်းခဲ့ပြီး ရေမြေသဘာဝကိုက်ညီမှုရှိ/ မရှိ သိရှိနိုင်ရန် ထားဝယ်ခရိုင်၊ ပြည်ခရိုင်နှင့် မြစ်ကြီးနားမြို့နယ်တို့တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ မြစ်ကြီးနားနှင့် ပြည်ခရိုင် ညောင်ဂျိုးကျေးရွာ၌ စိုက်ပျိုးသောအပင်များမှာ ကောင်းမွန်စွာ ဖြစ်ထွန်းခဲ့ပါသည်။


မက္ကဒေးမီးယားပန်းပွင့်နှင့်အသီး

အလားတူ ၂၀၀၀ ပြည့်နှစ်က ပြင်ဦးလွင်ဒေသ၌ စိုက်ပျိုးခဲ့သော အပင်များမှာလည်း ရှင်သန်အောင်မြင်ဖြစ်ထွန်းကြောင်း တွေ့ရှိရပါသည်။ မက္ကဒေးမီးယားသီးနှံအား ရေမြေဒေသနှင့် ကိုက်ညီသော ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ တိုးချဲ့စိုက်ပျိုးခဲ့ကြပါသည်။ ယခုဆိုလျှင် ၂၀၂၅-၂၀၂၆ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံး မက္ကဒေးမီးယားစိုက်ပျိုးပြီးဧကမှာ ၁၄၀၀၀ နီးပါးသို့ ရောက်ရှိနေပြီဖြစ်သည်။

**ကျန်းမာရေးအပြင် ဘက်စုံအသုံးဝင်သည့် အစေ့အဆန်လည်းဖြစ်**

မက္ကဒေးမီးယားအဆန်သည် အဖြူရောင်ဖြစ်ပြီး ဆီ၊ ပရိုတင်းနှင့် အချို(သကြား) ဓာတ်၊ ကာဗွန်ဟိုက်ဒရိတ်ဓာတ်များ ပါဝင်သည်။ ကျန်းမာရေးအတွက် လိုအပ်သော ဖော့စ်ဖရပ်စ်ဓာတ်လည်း ပါဝင်သည်။ မက္ကဒေးမီးယားအဆန်ကို သဘာဝအတိုင်းဖြစ်စေ၊ ချောကလက်၊ သကြားလုံး၊ ရေခဲမုန့်တို့တွင်ဖြစ်စေ၊ မုန့်ဖုတ်လုပ်ငန်းများတွင် ထည့်သွင်း၍ဖြစ်စေ အသုံးပြုကြသည်။ အဆီ ၇၃ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ပါဝင်သော်လည်း အဆိုပါအဆီသည် ကိုလက်စထရောအဆီဓာတ်များကို ကျဆင်းစေကာ သံလွင်ဆီကဲ့သို့ လူတို့စားသုံးရန် သင့်သော အဆီဖြစ်သည်။ ကိုလက်စထရောဓာတ်နည်းပြီး အရသာအထူးကောင်းမွန်သောကြောင့် စားသုံးရန် အကောင်းဆုံး အစေ့အဆန်အဖြစ် အသိအမှတ်ပြုထားကြသည်။ ပုံမှန်စားသုံးခြင်းအားဖြင့် သွေးထဲမှ အဆီဓာတ်ကို လျော့ကျစေသောကြောင့် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ပါးစေနိုင်ကြောင်း သိရှိရပါသည်။

မက္ကဒေးမီးယားအသီး၏ လတ်ဆတ်သော အတွင်းပိုင်းအဆန်အားကြိတ်ခြင်းဖြင့် မက္ကဒေးမီးယားဆီအဖြစ်ရရှိပြီး စားသုံးရာတွင်လည်းကောင်း၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လည်းကောင်း သုံးစွဲကြသည်။

**စိုက်ပျိုးရာမှာ သင့်တော်သည့်ရေမြေရာသီဥတု ရှိရန်နှင့် မျိုးရွေးချယ်မှုမှန်ရန် အရေးကြီး**

မက္ကဒေးမီးယားသည် နှစ်စဉ်မိုးရေချိန်လက်မ ၆၀ နှင့်အထက်ရွာသွန်းသောဒေသများတွင် စိုက်ပျိုးရှင်သန်နိုင်ပြီး ပန်းပွင့်ချိန်ကာလများဖြစ်သော ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင် ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၁၄ ဒီဂရီစင်တီဂရိတ်မှ ၁၈ ဒီဂရီစင်တီဂရိတ်အတွင်းရှိရန် လိုအပ်သည်။ မက္ကဒေးမီးယားပင်သည် မြေအမျိုးမျိုးတွင် စိုက်ပျိုးနိုင်သော်လည်း အဓိကအားဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး အာဟာရဓာတ်ပြည့်ဝ၍ သဲမဆန်လွန်းသော မြေမျိုးဖြစ်ရန်လိုအပ်သည်။ မြေချဉ်ငန်ဓာတ် ၅ မှ ၅ ဒသမ ၅ အတွင်း ရှိရမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော အစေ့အဆန်ရရှိစေရန် မိမိရေမြေဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသောမျိုးကို ရွေးချယ်စိုက်ပျိုးရန် အရေးကြီးသည်။ မြန်မာနိုင်ငံ၌ လက်ရှိစိုက်ပျိုးနေသောမျိုးမှာ အခွံချော၊ အသီးလုံးဝိုင်း၊ အသီးကြီးမျိုးဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို၊ ကျောက်မဲ၊ မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွာငံ၊ ကလော၊ တောင်ကြီးစသော ဒေသများတွင် ကောင်းမွန်စွာဖြစ်ထွန်း၍ အသီးအရွယ်ကြီးမားခြင်း၊ လုံးဝိုင်းညီညာခြင်း၊ အသီးခွံချောခြင်း၊ အစေ့အဆန် အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်။

မက္ကဒေးမီးယားပင်သည် အစေ့မှစိုက်ပျိုးလျှင် မျိုးရိုးဗီဇအလွယ်တကူ တိမ်ကောနိုင်ပြီး ရေရှည်တွင် အထွက်နှုန်းနှင့် အစေ့အဆန်အရည်အသွေး ကျဆင်းတတ်သဖြင့် စီးပွားဖြစ်စိုက်ပျိုးမည်ဆိုပါက အရည်အသွေးကောင်း မိခင်ပင်များကို လိင်မဲ့နည်းဖြင့် ကိုင်းကူးကိုင်းဆက်၍ ရွေးချယ်စိုက်ပျိုးပါက မိခင်အပင်၏ အရည်အသွေးအတိုင်း ရရှိနိုင်သည့်အပြင် သီးပွင့်ချိန်စောသဖြင့် ယခုနောက်ပိုင်းတွင် ကိုင်းဆက်ပင်များ ရွေးချယ်စိုက်ပျိုးလာကြပါသည်။

မြန်မာနိုင်ငံ၌ မြေနေရာအနေအထား အမျိုးမျိုးအပေါ်မူတည်လျက် မက္ကဒေးမီးယားပင် အကွာအဝေးကို စိုက်ပျိုးကြသည်။ စိုက်ကျင်းတူးခြင်းကို ၂ပေ x ၂ပေ x ၂ ပေ တူးရပါသည်။ ကိုင်းဆက်ပင်များ စိုက်ပျိုးမည်ဆိုပါက ပင်ကြား၊ တန်းကြား အကွာအဝေး ၂၅ ပေ x ၂၅ ပေ၊ တစ်ဧက အပင် ၇၀ နှုန်းဖြင့်လည်းကောင်း၊ အစေ့စိုက်ပင်များ စိုက်ပျိုးမည်ဆိုပါက ပင်ကြား၊ တန်းကြား ၃၂ ပေ x ၃၂ ပေ၊ တစ်ဧက အပင် ၄၀ နှုန်းထား၍ လည်းကောင်း စိုက်ပျိုးကြသည်။

မက္ကဒေးမီးယားပင်သည် အပင်ကြီး၊ အပင်လတ်မျိုးဖြစ်ပြီး အမြဲစိမ်းသစ်တောပင်ဖြစ်သည်။ အပင်အမြင့် ပေ ၆၀ နှင့်အထက်ရှိပြီး အကျယ်ပေ ၄၀ ခန့်အထိ ဘေးကိုင်းများဖြာထွက်သည်။ အစေ့စိုက်ပင်များသည်စိုက်ပြီး ခြောက်နှစ်မှ ခုနစ်နှစ်တွင်လည်းကောင်း၊ ကိုင်းကူးပင်များသည် စစိုက်ပြီး သုံးနှစ်မှ ငါးနှစ်အတွင်းတွင် လည်းကောင်း စတင်အသီးရရှိနိုင်ပြီး ၁၂ နှစ်မှ ၁၅ နှစ်တွင် စီးပွားဖြစ်ထုတ်လုပ်ရရှိနိုင်ပါသည်။ အပင်သက်တမ်း နှစ် ၆၀ အထိ စီးပွားရေးတွက်ခြေကိုက်သော အထွက်ကို ရရှိနိုင်ပြီး နှစ်ပေါင်းတစ်ရာအထိ သီးပွင့်မှုရှိကြောင်း လေ့လာသိရှိရသည့်အတွက် အလားအလာရှိသည့် စိုက်ပျိုးသင့်သော အဖိုးတန်နှစ်ရှည်ပင် ဖြစ်သည်။

**ဝင်ငွေများ၍ စိုက်ပျိုးသူများလာ**

ပုံမှန်အားဖြင့် မက္ကဒေးမီးယားတစ်မျိုးတည်း စိုက်ပျိုးမည်ဆိုပါက တစ်ဧကခန့်မှန်းကုန်ကျစရိတ် (စိုက်နှစ်မှ လေးနှစ်သားထိ) ကျပ်သိန်း ၅၀ မှ ၆၀ ခန့် ကုန်ကျနိုင်ပါသည်။ သို့ရာတွင် မိမိစိုက်ပျိုးထားသော မက္ကဒေးမီးယားမျိုး၊ ပြုစုထိန်းသိမ်းမှုနှင့် အထွက်နှုန်းများအပေါ်မူတည်၍ စိုက်ပျိုးပြီး ရှစ်နှစ်မှ ကိုးနှစ်အကြာတွင် အရင်းကျေနိုင်ပြီး ၁၀ နှစ်သားခန့်တွင် အမြတ်စတင်ရရှိနိုင်သည်။

စနစ်တကျထိန်းသိမ်းထားသောခြံမှ ရေမြေဒေသအလိုက် တစ်ဧကလျှင် အခွံပါအစေ့ (၁ တန်မှ ၅ တန်)အထိထွက်ရှိပြီး အစေ့အဆန် (၀ ဒသမ ၃ တန်မှ ၂ တန်)အထိ ရရှိနိုင်သည်။ အပင်သက်တမ်းနှစ် ၂၀ နှင့် ၃၀ ကြားသည် အသီးထွက်အကောင်းဆုံးကာလဟု သိရသည်။ မြန်မာနိုင်ငံမှ မက္ကဒေးမီးယားထွက်ကုန်များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဓိက ဝယ်ယူနေပြီး ပြင်သစ်နှင့် အခြားနိုင်ငံများသို့လည်း ဈေးကွက်ထိုးဖောက်ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နိုင်ငံတကာဈေးကွက်တွင် အစေ့အဆန်တစ်တန်လျှင် ဒေါ်လာ ၆၀၀၀ ပတ်ဝန်းကျင်ရှိသဖြင့် တစ်နှစ်တစ်ဧကအခွံပါအစိမ်းသီး ၃ တန်ထွက်ပါက အစေ့အဆန်တန် ၁ တန် ရရှိနိုင်ပြီး ရောင်းရငွေကျပ်သိန်း ၁၈၀ မှ ၂၅၀ အထိ ရရှိနိုင်မည်ဖြစ်သည်။ မက္ကဒေးမီးယားသီးနှံအား တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနနှင့် သဘောတူညီထားသော ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း (GACC protocol) ပါ သတ်မှတ်ချက်များကို လိုက်နာ၍ တင်ပို့ခြင်းအားဖြင့် မက္ကဒေးမီးယားစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည်။

**ကြားသီးနှံနှင့်တွဲဖက်စိုက်ပျိုးမည်ဆိုပါက ပိုမိုအကျိုးရှိ**

မက္ကဒေးမီးယားကို ကြားသီးနှံနှင့် တွဲဖက်စိုက်ပျိုးမည်ဆိုပါက စိုက်နှစ်မှ လေးနှစ်သားအထိ နှစ်စဉ်ပြုစုထိန်းသိမ်းစရိတ်ကုန်ကျငွေ ကာမိရုံမျှမက ကြားသီးနှံမှ အပိုဝင်ငွေရရှိစေနိုင်သည့်အတွက် အရင်းကျေကာလသက်တမ်းကို လျင်မြန်စွာ ရောက်ရှိစေနိုင်သည်။

ယခုအခါ နောင်ချိုဒေသရှိ မက္ကဒေးမီးယား စိုက်ပျိုးသူပုဂ္ဂလိကလုပ်ငန်းရှင်များက မက္ကဒေးမီးယားပင်များအကြားတွင် ကြားသီးနှံများ မြေနေရာလပ်မရှိ စိုက်ပျိုးနိုင်ရေးအတွက် “တောင်သူနှင့် ဖက်စပ်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးစနစ်”ကို ကျင့်သုံးဆောင်ရွက်လျက် ရှိကြသည်။ အဆိုပါစနစ်ကြောင့် မက္ကဒေးမီးယားစိုက် လုပ်ငန်းရှင်များအတွက် ပေါင်းရှင်းစရိတ်သက်သာစေသည့်အပြင် ကြားသီးနှံစိုက်ပျိုးသော တောင်သူက ကြားသီးနှံအတွက် မြေဩဇာထည့်သွင်းခြင်းဖြင့် မက္ကဒေးမီးယားပင်အတွက်ပါ မြေဩဇာထည့်သွင်းစရိတ်ကို သက်သာစေ၏။ တောင်သူများဘက်ကလည်း ကြားသီးနှံစိုက်ပျိုးရန် အလွယ်တကူမြေနေရာ ရရှိစေနိုင်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုရှိသောစနစ်ဖြစ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလာကြသည်။

ကြားသီးနှံအဖြစ် မက္ကဒေးမီးယားပင်တန်းများအကြားတွင်

*စာမျက်နှာ ၁၃ သို့*

**❝ ယခုအခါ နောင်ချိုဒေသရှိ မက္ကဒေးမီးယား စိုက်ပျိုးသူပုဂ္ဂလိကလုပ်ငန်းရှင်များက မက္ကဒေးမီးယားပင်များအကြားတွင် ကြားသီးနှံများ မြေနေရာလပ်မရှိ စိုက်ပျိုးနိုင်ရေးအတွက် “တောင်သူနှင့် ဖက်စပ်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးစနစ်”ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြသည်။ အဆိုပါစနစ်ကြောင့် မက္ကဒေးမီးယားစိုက်လုပ်ငန်းရှင်များအတွက် ပေါင်းရှင်းစရိတ်သက်သာစေသည့်အပြင် ကြားသီးနှံစိုက်ပျိုးသော တောင်သူက ကြားသီးနှံအတွက် မြေဩဇာထည့်သွင်းခြင်းဖြင့် မက္ကဒေးမီးယားပင်အတွက်ပါ မြေဩဇာထည့်သွင်းစရိတ်ကို သက်သာစေ၏။ တောင်သူများဘက်ကလည်း ကြားသီးနှံစိုက်ပျိုးရန် အလွယ်တကူမြေနေရာ ရရှိစေနိုင်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုရှိသော စနစ်ဖြစ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလာ ❞**

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၌ တရားစီရင်ရေးဆိုင်ရာ ဆွေးနွေး

**မကွေး ဇူလိုင် ၂၀**

တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးဆွေးနွေးပွဲကို ယနေ့နံနက်က တိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်က ခရိုင်နှင့်မြို့နယ် တရားသူကြီးများ၊ တရားရေးအရာရှိများအား Hybrid စနစ်ဖြင့် အမှုလက်ကျန်ကျဆင်းရေး၊ အဂတိကင်းရှင်းရေး၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ စတုတ္ထနှစ်လုပ်ငန်းအစီအစဉ် အောင်မြင်ရေး မှာကြားသည်။ ထို့နောက် တရားလွှတ်တော်တရားသူကြီးများနှင့် တရားရေးဦးစီးမှူးတို့က ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်



တရားသူကြီး ၇၅ ဦး တက်ရောက်ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်လှစ်



**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာအကြောင်းအား ဆရာမ ဒေါ်အုန်းအုန်းလွင်နှင့် တာဝန်ရှိသူများကသင်ကြားပို့ချခဲ့ကြပြီး သင်တန်းသူ ၃၀ တို့က သင်ယူကြရမည်ဖြစ်သည်။ ထို့နောက် သင်တန်းသူများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးများပေးအပ်ကာ နေ့လယ်စာပေးဝေခဲ့ကြောင်း သိရသည်။

**ဇော်မိုး**

## (၂၀-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၅ | ၁၂၅.၃ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၂၂၀,၇၂၈.၄၉ | ၅,၉၆၈,၆၁၄.၅၃ | | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၆.၂၄ သန်းအား စားသုံးဆီကဏ္ဍသို့ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၇.၀၀ သန်းအား LNG ကဏ္ဍသို့ လည်းကောင်း ရောင်းချပေးခဲ့ပါသည်။





မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဈေးရောင်းဈေးဝယ်ပြည်သူများအား လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၀ ရက်က စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် စက်မှုဇုန်နယ်မြေ Keys Shine အထည်ချုပ်စက်ရုံ၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက သင်တန်းသားများအား မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို လက်တွေ့သင်ကြားပေးစဉ်။ သက်မောင်(ကျောက်ဆည်)



## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့စိတ်ဓာတ်”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင်၂၀ ရက်က စားအုန်းဆီ လက်လီရောင်းချသည့် ကုန်စုံဆိုင်များ၌ စားအုန်းဆီများအား သတ်မှတ်ချက်အတိုင်းဖြန့်ဖြူးရောင်းချ မှု ရှိ မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ မရှိ၊ ဆီစာအုပ်များနှင့် စနစ်တကျ မှတ်တမ်းတင်ရောင်းချခြင်း ရှိ မရှိ၊ ခွဲတမ်းများအတိုင်း ပြည်သူများထံ စနစ်တကျခွဲဝေရောင်းချခြင်း ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။
ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၁၂ မှ*

ပြောင်း (သို့) နေကြာကို စိုက်ပျိုးပြီး အဆိုပါသီးနှံများ ရိတ်သိမ်းပြီးပါက ပဲစင်းငုံ၊ ပဲစောင်းလျားစသည်တို့ကို သီးထပ်စိုက်ပျိုးကြပြန်ပါသည်။ ပေါင်းမြက်အလွန်ထူသော စိုက်ကွက်များတွင်မူ ပဲယဉ်းကို စိုက်ပျိုးခြင်းဖြင့် သက်ငယ်ပေါင်းများကို နှိမ်နင်းနိုင်သည်။

မက္ကဒေးမီးယားနှင့် ကော်ဖီတွဲ၍ စိုက်သော စိုက်ခင်းများတွင် မက္ကဒေးမီးယားအခွံများအား ကော်ဖီစေ့လှော်ရာတွင် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုကြသည်။ မက္ကဒေးမီးယားအပေါ်ခွံများကိုမူ ဥယျာဉ်ခြံသီးနှံများအတွက် အစိုဓာတ်ထိန်းရာတွင် လည်းကောင်း၊ မြေသြဇာအဖြစ် လည်းကောင်း အသုံးပြုကြသည်။

မက္ကဒေးမီးယား စိုက်ပျိုးလိုသူများအနေဖြင့် အထွက်နှုန်းတိုးတက်စေရန်နှင့် ဝင်ငွေပိုမိုရရှိစေရန် သင့်တော်သောရေမြေ၊ ရာသီဥတုနှင့် အပူချိန်ရှိသည့် မြေနေရာဒေသရွေးချယ်ခြင်း၊ အထွက်ကောင်းမျိုးများအား စနစ်တကျရွေးချယ်၍ ကိုင်းဆက်ပျိုးပင် အသုံးပြုစိုက်ပျိုးခြင်း၊ မှန်ကန်သော အကွာအဝေးဖြင့် စိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကိုင်းဖြတ်ခြင်းနှင့် အပင်ပုံသွင်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း၊ စိုက်ခင်းပြုစုထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းတို့ကို အချိန်နှင့် ရာသီအလိုက် စနစ်တကျဆောင်ရွက်ခြင်း၊ သင့်တော်သည့် ကြားသီးနှံစိုက်ပျိုးခြင်း၊ ကော်ဖီနှင့်တွဲ၍ စိုက်ပျိုးခြင်းကို လိုက်နာကြရပါမည်။

ကျန်းမာရေးအတွက် အသုံးဝင်အဖိုးတန်သော သီးနှံဖြစ်သည့်အပြင် ရေရှည်တွင် သားစဉ်မြေးဆက် အကျိုးရှိသည့် ဈေးကွက်အလားအလာကောင်းသော၊ စိုက်ပျိုးသူများ ဝင်ငွေတိုးရုံသာမက နိုင်ငံ့ဝင်ငွေကိုပါတိုးတက်စေမည့်မက္ကဒေးမီးယားသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ကြပါရန်နှင့် နည်းပညာလိုအပ်ချက်များရှိပါက စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲ (ရုံးချုပ်)နှင့် ရှမ်းပြည်နယ်ရှိ မက္ကဒေးမီးယားခြံများဖြစ်သည့် နောင်ချို၊ အင်တော၊ နမ့်စန်ခြံများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

❂ ❂ ❂

## ၁၀ နှစ်အတွင်း လေဘာပါတီခေါင်းဆောင်သစ် အန်ဒီဘန်းဟမ် ခုနစ်ဦးမြောက် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာ



**လန်ဒန် ဇူလိုင် ၂၀**

ဗြိတိန်အာဏာရ လေဘာပါတီခေါင်းဆောင် အန်ဒီဘန်းဟမ်သည် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ လွှတ်တော်အမတ်တစ်ဦးဖြစ်သော ဘန်းဟမ်သည် ပါတီခေါင်းဆောင်နှင့် ရာထူးမှ ထွက်ခွာမည့် ဝန်ကြီးချုပ် ကီယာစတားမား၏ နေရာကို ဆက်ခံရန် ဇူလိုင် ၁၇ ရက်က ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ၎င်းသည် လေဘာပါတီ လွှတ်တော်အမတ် ၈၀ ရာခိုင်နှုန်းကျော်အပြင် အခြားသူများ၏ ထောက်ခံမှုကိုလည်းရရှိခဲ့ပြီး ၎င်းနှင့်ယှဉ်ပြိုင်မည့် အခြားကိုယ်စားလှယ် မရှိခဲ့ပေ။

ဇူလိုင် ၂၀ ရက်တွင် လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော်၌ ဘုရင်ချားလ်စ်(၃)က ဘန်းဟမ်ကို ဝန်ကြီးချုပ်အဖြစ် တရားဝင်ခန့်အပ်ခဲ့ပြီး အစိုးရဖွဲ့စည်းရန် တာဝန်ပေးအပ်ခဲ့ပြီးနောက် ၁၀ နှစ်အတွင်း ဗြိတိန်၏ ခုနစ်ဦးမြောက် ဝန်ကြီးချုပ် ဖြစ်လာသည်။

ဝန်ကြီးချုပ်သစ်သည် ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးနှင့် ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်လာမှုအပေါ် ပြည်သူများ၏ မကျေနပ်မှုများ ပိုမိုကျယ်ပြန့်လာနေချိန်တွင် တည်ငြိမ်သော အစိုးရအုပ်ချုပ်ရေးစနစ်ကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၅၆ နှစ်ရှိ ဝန်ကြီးချုပ်သည် ၂၀၀၁ ခုနှစ်မှစ၍ ၁၆ နှစ်ကြာ လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဂရိတ်မန်ချက်စတာ မြို့ပြဒေသ မြို့တော်ဝန်ဖြစ်လာခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့်လကကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## အီဂျစ်၌ ကျောက်သားဖြင့်ထွင်းထုထားသည့် ရှေးဟောင်းဂူသင်္ချိုင်း သုံးခု ရှာဖွေတွေ့ရှိ

**ကိုင်ရို ဇူလိုင် ၂၀**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အနောက်ဘက်ဂီဇာပြည်နယ် ဆာကာရာရှိ ဘူဘာစတီယွန် ရှေးသင်္ချိုင်းနယ်မြေ၌ နယူးကင်ဒန်ခေတ် (ဘီစီ ၁၅၅၀–၁၀၆၉)က ကျောက်သားများကို ထွင်းထု၍ ပြုလုပ်ထားသည့် ဂူသင်္ချိုင်းသုံးခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၉ ရက်က ကြေညာသည်။

အီဂျစ်ရှေးဟောင်းသုတေသနအဖွဲ့က ရှာဖွေတွေ့ရှိခဲ့သော အဆိုပါ ဂူသင်္ချိုင်းများတွင် ရုပ်ပုံစာအရေးအသားနှင့်ဆိုင်သည့် ကျောက်စာများနှင့် အရေးပါသည့် ရှေးဟောင်းသုတေသန အကြွင်းအကျန်များပါရှိကြောင်း အီဂျစ်ခရီးသွားလာရေးနှင့် ရှေးဟောင်းပစ္စည်းများဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံ၌ နိုင်ငံခြားကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံရှိလာ

**အူလန်ဘာတာ ဇူလိုင် ၂၀**

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံရှိရာ ယမန်နှစ်ကထက် ၃၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း အမျိုးသားစာရင်းအင်းရုံး (NSO) က ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ ဇွန်လအတွင်း မွန်ဂိုလီးယားနိုင်ငံသည် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံနီးပါးရရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံးက ပြောကြားသည်။ ထို့ပြင် နိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးစနစ်ပေါင်း ၁၅၀ နှင့် ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံများအနက် တရုတ်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေပြီး မွန်ဂိုလီးယားနိုင်ငံ၏ ပို့ကုန် ၉၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် သွင်းကုန် ၃၉ ဒသမ ၇ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုကို တုံ့ပြန်ရန် နယ်စပ်ဆိုင်ရာစီမံချက်သစ်များ ချမှတ်

**အော့တဝါ ဇူလိုင် ၂၀**

ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီ (PHAC) သည်အီဘိုလာရောဂါဝင်ရောက်မှုအန္တရာယ်နှင့် နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုတို့ကို လျှော့ချရန် ယာယီနယ်စပ်ဆိုင်ရာ စီမံချက်သစ်များကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်အရ ဇူလိုင် ၂၀ ရက်မှစတင်၍ ပြီးခဲ့သည့် ၂၁ ရက်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နေထိုင်ခဲ့သည့် မည်သည့် နိုင်ငံခြားသားမဆို ကနေဒါနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ကနေဒါနိုင်ငံအတွင်း ခရီးသွားလာမှုနှင့် ဆက်စပ်သည့် အီဘိုလာရောဂါဖြစ်ပွားသူကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၏ မိခင်နှင့် ကလေး ၄ ဒသမ ၉ သန်း အာဟာရချို့တဲ့မှု အန္တရာယ်ရှိနေ

**ကဘူးလ် ဇူလိုင် ၂၀**

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ မိခင်နှင့် ကလေး ၄ ဒသမ ၉ သန်းမှာ အရေးပေါ်အာဟာရဆိုင်ရာ ထောက်ပံ့မှု လိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါသတိပေးချက်သည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က အလားတူစိုးရိမ်ပူပန်မှုများ ထုတ်ပြန်ခဲ့ပြီးနောက် မကြာမီရက်ပိုင်းအတွင်း ထွက်ပေါ်လာခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေး ၃ ဒသမ ၇ သန်းမှာ ပြင်းထန်သည့် အာဟာရချို့တဲ့မှုအန္တရာယ် မြင့်မားလာနေကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံတစ်ဝန်း အပူဒဏ်အန္တရာယ် သတိပေးချက်များ ထုတ်ပြန်

**တိုကျို ဇူလိုင် ၂၀**

ဂျပန်နိုင်ငံတစ်ဝန်းအပူချိန်သည် အန္တရာယ်ရှိသည့်အဆင့်အထိ မြင့်တက်လာခဲ့ရာ အာဏာပိုင်များက နိုင်ငံတစ်ဝန်းတွင် အပူဒဏ်အန္တရာယ် သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂၀ ရက်က ဂျပန်နိုင်ငံ၏ အချို့ဒေသများတွင် အပူချိန်သည် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်ခဲ့သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ အပူလွန်ကဲမှု ခံစားခဲ့ရသည်ဟု သံသယရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု တိုကျိုမီးသတ်ဌာနက ပြောသည်။

အပူလှိုင်းသည် သီတင်းပတ်တစ်ပတ်လုံး ဆက်လက်ဖြတ်သန်းမည်ဟု မျှော်လင့်ရပြီး တိုကိုင်းဒေသနှင့် အခြားဒေသများတွင် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့၌ အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိနိုင်သည်။

ပြည်သူများကို လေအေးပေးစက်များ အသုံးပြုရန်၊ ရေဓာတ်ပြည့်ဝစွာ နေထိုင်ရန်၊ ဆားပမာဏ လုံလောက်စွာ စားသုံးရန် အကြံပြုထားသည်။ မလိုအပ်ဘဲ အပြင်သို့ ကြာရှည်စွာ ထွက်ခြင်းကိုလည်း ရှောင်ကြဉ်ရန်နှင့် အသက်ကြီးသူများ၊ မွေးကင်းစကလေးငယ်များကို ဂရုစိုက်ရန် အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**




## နိုင်ငံ့အရှေ့မြောက်ပိုင်းဒေသအတွက် အရေးပေါ်စားရေရိက္ခာအစီအစဉ် ယူဂန်ဒါ၌စတင်

**ကမ်ပါလာ ဇူလိုင် ၂၀**

ယူဂန်ဒါနိုင်ငံသည် ကာလရှည်ကြာ မိုးခေါင်ရေရှားမှုကြောင့် သီးနှံများပျက်စီးပြီး အစားအစာရှားပါးမှု ဖြစ်ပေါ်လာသဖြင့် နိုင်ငံ့အရှေ့မြောက်ပိုင်းရှိ မိုးရေရှားသော ကာရာမိုဂျာဒေသအတွက် အရေးပေါ်စားရေရိက္ခာ ကူညီရေးအစီအစဉ်ကို ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ပြောင်းဖူးမှုန့်နှင့် ပဲခြောက်များအပါအဝင် အရေးပေါ် စားရေရိက္ခာ ၉ ဒသမ ၄ သန်းကီလိုဂရမ်ကို ယင်းဒေသရှိ ခရိုင်ကိုးခုအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈၀ မှ အိမ်ထောင်စု ၃၁၃၉၈၇ စုထံ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရိုဘီနာ နက်ဘ်ဘန်ဂျာက မြို့တော် ကမ်ပါလာတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အစိုးရသည် ကာရာမိုဂျာ ပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်း၊ ၎င်းတို့၏ ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုရန်နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို ခံနိုင်ရည်ရှိစေရန် လိုအပ်သော အရင်းအမြစ်များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ရိုဘီနာက ပြောသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဇူလိုင် ၂၀**

အနောက်တောင် မုတ်သုံရာသီသည် အိန္ဒိယနိုင်ငံ၏ ဒေသအများစုတွင် ပိုမိုအားကောင်းသောအဆင့်သို့ ရောက်ရှိလာသောကြောင့် လာမည့် ၂ နာရီမှ ၃ နာရီအတွင်း ဒေသအများအပြား၌ မိုးကြိုးမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဇူလိုင် ၂၀ ရက်က သတိပေးခဲ့သည်။ ဂူဂျာရတ်၊ ဥတ္တရာပရာဒက်ရှ်၊ ပန်ဂျပ်၊ ဟာယာနာနှင့် ဟီမာချယ်ပရာဒက်ရှ် ပြည်နယ်များရှိ ခရိုင်များတွင် မိုးကြိုးပစ်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

ထို့အပြင် ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများ၏ နေရာအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းမှ အလွန်သည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ ထိုကာလအတွင်း အချို့ဒေသများတွင် အလွန်အမင်း မိုးသည်းထန်စွာ ရွာသွန်းမှုများလည်း ထူးခြားစွာ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **ပီတီအိုင်**

# ထားဝယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID နံပါတ် ထုတ်ပေး



**ထားဝယ် ဇူလိုင် ၂၀**

လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID နံပါတ် ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက်ပေးအပ်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာရှိ စိုက်ပျိုးရေး ဦးစီးဌာန ဆယ်မိုင်စိုက်ပျိုးရေး ဥယျာဉ်ခြံသို့ သွားရောက်ပြီး မျိုးကောင်းမျိုးသန့် ပျိုးပင်များ ထုတ်လုပ် ဖြန့်ဖြူးနိုင်ရန်နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆိုလာမီးတပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်အတူ ယနေ့တွင် ဖလမ်းမြို့၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ (6 KW) ဆိုလာမီးတစ်စုံ တပ်ဆင်ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာပြားများ သန့်ရှင်းမှုရှိစေရေး၊ ရုံးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အကျိုးရှိစွာ အသုံးပြုရေးတို့ကို မှာကြားသည်။

ဖလမ်းမြို့ရှိ ယာယီပြည်သူ့ဆေးရုံ၌ (12 KW) ဆိုလာမီးတစ်စုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ (6 KW ) ဆိုလာမီးတစ်စုံ၊ ခရိုင်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ (6 KW) ဆိုလာမီးတစ်စုံ၊ မြို့နယ်ပညာရေးမှူးရုံး၌ (6KW) ဆိုလာမီးတစ်စုံတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။



ထို့နောက် ဖလမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် ဆိုလာလမ်းမီးတိုင် တပ်ဆင်ဆောင်ရွက်နေမှု၊ ဖလမ်းမြို့၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများမှ ပံ့ပိုးကူညီသော (300 W) ဆိုလာလမ်းမီးများကို ဒေသခံပြည်သူများနှင့် လျှပ်စစ်အင်ဂျင်နီယာ ဝန်ထမ်းများက တပ်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ညပိုင်းတွင် ဖလမ်းမြို့ မီးရရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး မြို့၏ အဓိကနေရာများ၊ လမ်းဆုံ လမ်းခွနေရာများနှင့် ပြည်သူ့ဝန်ဆောင်မှု ရုံးဌာနများ၌ ဆိုလာမီးများကို ဦးစားပေးအလိုက် တပ်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့အတူ တီးတိန်မြို့၌ မြို့ပေါ်ရပ်ကွက် (၄) ရပ်ကွက်၊ ကျေးရွာသုံးရွာနှင့် ဌာနဆိုင်ရာရုံးများမှ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၃၀၁၈ဦးတို့အား ဝန်အားများသောအချိန်တွင် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၆ နာရီခွဲမှ ၉ နာရီအထိ မောင်းနှင်ပြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ 200 KW နှစ်လုံးတို့ဖြင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် တပ်မတော်တပ်ရင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်ရဲစခန်း၊ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လမ်းဦးစီးဌာနရုံး၊ ဆက်သွယ်ရေးရုံးနှင့် ဘုန်းကြီးကျောင်းတို့ကို နေ့စဉ် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အလားတူ တွန်းဇံမြို့ ဒေသခံပြည်သူ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၄၂၀ နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ မြို့နယ်ရဲစခန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ ဥပဒေရုံး၊ စာရင်းစစ်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့ကို 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၇ နာရီမှ ၉ နာရီခွဲအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ (12 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ (6 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ (6 KW) ဆိုလာမီး တစ်စုံတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**
**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း– ၀၆၇–၃၄၀၈၃၉၅၊ ၀၉–၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)**
**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက်**
**ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း– ၀၆၇–၃၄၀၈၃၉၅ ၊ ၀၉–၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

❒ *ကျောဖုံးမှ*

လဲကျနေသည်ကို တွေ့ရှိရသဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း၊ ထို့ပြင် ၎င်း၏ ယာဉ်အမှတ် ၇စယ/၉၀၇၁၇ CANDA–110 အမျိုးအစား မော်တော်ဆိုင်ကယ်ကိုလည်း ယူဆောင်သွားခဲ့ကြောင်း သိရ၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ကာ ပျဉ်းမနားခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

ပျဉ်းမနားခရိုင်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၅၆/၂၀၂၅ ဖြင့် အမှုကို လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ **ကျော်ထက်ဦးနှင့် အောင်သူဝင်း (ခ) ကိုသူ** တို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ) အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေရန် သေဒဏ်ချမှတ်ခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

ပခုက္ကူမြို့နယ်၊ ပေါင်လောင်ကန်ရွာအနီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း တိုင်အမှတ်(၃၃၈) အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္မမြို့များသို့ သွယ်တန်းထားသည့် လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့ရသည်။

ယင်းဓာတ်အားလိုင်းဖျက်ဆီးခံရမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ၁၃၂ ကေဗွီဓာတ်အားပေး ကွန်ရက်စနစ်အတွင်း ဓာတ်အားတည်ငြိမ်မှုကိုပါ ထိခိုက်ခဲ့ရပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့၊ရွာများတွင်ပါ ဗို့အားကျဆင်းခြင်း၊ ရံဖန်ရံခါ ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် တာဝါတိုင် ၃၃၈ နေရာသို့ နယ်မြေလုံခြုံရေးအဖွဲ့များနှင့်အတူ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ သွားရောက်၍ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဝန်ထမ်းများက အမြန်ဆုံးလျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေး ကြိုးပမ်းပြင်ဆင်ရန် ဆောင်ရွက်ရာတွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများက နှောင့်ယှက်တိုက်ခိုက်ခြင်း၊ လမ်းတစ်လျှောက် မိုင်းထောင်ထားခြင်းတို့ကြောင့် အချို့သော ဝန်ထမ်းများ သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများလည်း ဖြစ်ပေါ်လျက် လူ့စွမ်းအားအရင်းအမြစ်ကိုပါ ဆုံးရှုံးစေလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များကို အခွင့်ကောင်းယူ၍ ဒေသကောင်းစားရေးနှင့် ပြည်သူလူထုလုံခြုံရေးအတွက်ဟူသော အကြောင်းပြချက်များဖြင့် နိုင်ငံတော်အား ဆန့်ကျင်သည့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်လျက်ရှိကြသည့် အပြစ်မဲ့အရပ်သားပြည်သူများအား လက်နက်အားကိုး၍ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။ ယခုကဲ့သို့ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများအနေဖြင့် ရွံရှာမုန်းတီးလျက်ရှိပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တာဝါတိုင်များ ပြန်လည်ပြုပြင်ရာတွင် ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်နေမှု မှတ်တမ်းပုံ။



ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်စဉ် မြေမြှုပ်မိုင်းနင်းမိမှုကြောင့် ဦးစီးအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းပုံ။

## SHWE MAN TAUNG FAMILY LEAGUE ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲယှဉ်ပြိုင် GK FC အသင်းအနိုင်ရဗိုလ်စွဲ

**မန္တလေး ဇူလိုင် ၂၀**

SHWE MAN TAUNG FAMILY LEAGUEဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးအားကစားကွင်း၌ GK FC အသင်းနှင့် AD 90 FCအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ GK FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ငွေအောင်၊ မန္တလေးOlD Star အသင်းအမှုဆောင် ဦးမျိုးနိုင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးကျော်ခန့် (GOLDEN WAVE FC)နှင့် အဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးသည်။




ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးဆုရ နှင်းဆီမောင် FCအသင်း၊ ဂိုးသွင်းအများဆုံးဆုရ ငြိမ်းချမ်းအောင်(GOLDEN WAVE FC)နှင့် AK THU(AD 90 FC)၊ အကောင်းဆုံး ဂိုးသမားဆုရ ဖြိုးကိုထက်(AD 90 FC)တို့အား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးကျော်ခန့်(GOLDEN WAVE FC)နှင့် မန္တလေးOld Starအသင်းအမှုဆောင် ဦးမျိုးနိုင်တို့က ဆုဖလားနှင့် ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဆုရ AD 90 FC အသင်းမှ အားကစားသမားများအား တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ဒုတိယဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ပထမဗိုလ်စွဲသည့် GK FC အသင်းမှ အားကစားသမားများအား တစ်ဦးချင်းပထမဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ (၂၀၂၄) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၀**

ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ(၂၀၂၄) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များ ဘောလုံးကွင်း၌ ကျင်းပသည်။



ဗိုလ်လုပွဲတွင် ဆေးပညာတတိယနှစ်သင်တန်း ကိုယ်စားပြု Titan အသင်းနှင့် ဆေးပညာစတုတ္ထနှစ်သင်တန်း ကိုယ်စားပြု Myriad အသင်းတို့ယှဉ်ပြိုင်ကစားကြရာ Titan အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ပထမဆုရ Titan အသင်း၊ ဒုတိယဆုရ Myriad အသင်းနှင့် တတိယဆုရ Uno အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကောင်းဆုံး ဂိုးသမားဆုရ ဆေးပညာစတုတ္ထနှစ်သင်တန်းမှ မောင်အောင်ခန့်မင်း၊ နောက်တန်းအကောင်းဆုံးကစားသမားဆုရ ဆေးပညာတတိယနှစ်သင်တန်းမှ မောင်အောင်မြင့်မြတ်၊ အလယ်တန်း အကောင်းဆုံးကစားသမားဆုရ ဆေးပညာစတုတ္ထနှစ်သင်တန်းမှ မောင်ဂျွန်မင်းမြတ်၊ ဂိုးသွင်းအများဆုံးဆုနှင့် ရှေ့တန်းအကောင်းဆုံးကစားသမားဆုရ ဆေးပညာတတိယနှစ်သင်တန်းမှ မောင်ဥက္ကာလှိုင်ဦး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ဆေးပညာစတုတ္ထနှစ်သင်တန်းမှ မောင်ထွန်းအောင်လွင်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

ဂိုးပေါက်ကန်သွင်းမှု နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ စပိန်အသင်းသည် ဂိုးပေါက်ကန်သွင်းမှု အကြိမ် ၂၀ အထိရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၂ ကြိမ်အထိ ရှိခဲ့သည်။

အာဂျင်တီးနားအသင်းသည် ဗိုလ်လုပွဲတွင် စပိန်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ကြိမ်ဆက် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၀၆ မိနစ်တွင် လူစားဝင်တိုက်စစ်ကစားသမား ဖာရန်က သွင်းယူပေးခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် တတိယနေရာကို အင်္ဂလန်၊ စတုတ္ထနေရာကို ပြင်သစ်တို့ အသီးသီးရယူနိုင်ခဲ့သည်။ ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုကို ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘာပေက ၁၀ ဂိုးဖြင့် ဆွတ်ခူးနိုင်ခဲ့ပြီး အကောင်းဆုံးသမားဆုကို စပိန်ကွင်းလယ်ကစားသမား ရိုဒရီက ဆွတ်ခူးနိုင်ခဲ့သည်။ အကောင်းဆုံး ဂိုးသမားဆုကို စပိန်ဂိုးသမား အူနိုင်းဆီမွန်က ဆွတ်ခူးရရှိခဲ့သည်။ အကောင်းဆုံးလူငယ်ကစားသမားဆုကို စပိန်အသင်းမှ ပေါ်ကူဘာစီ ရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် ပွဲကြည့်ပရိသတ်ပေါင်း ၆၈၁၀၉၆၆ ဦး ရှိခဲ့ပြီး တစ်ပွဲပျမ်းမျှကြည့်ရှုမှုနှုန်း ၆၅၄၉၀ ရှိခဲ့သည်။

**အောင်ဇော်**



ပေါ်ကူဘာစီ(ဝဲ)၊ ရိုဒရီ (အလယ်) နှင့် အူနိုင်းဆီမွန် (ယာ)

✳ *ကျောဖုံးမှ*

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ အကောင်းဆုံးကစားသမားဆုရရှိသည့် အားကစားသမားများနှင့် ပထမရရှိသော (အထက) သရက်ချောင်း(က)အသင်းအား တံခွန်စိုက်ဒိုင်းဆုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးခင်မောင်လွင်နှင့် ကော်မတီဝင်များက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ဖိုင်ကန်ရေလွှဲဆည် ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေး



မိုင်းဖြတ် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုင်းဟွမ်နွဲ့နှင့်တာဝန်ရှိသူများသည် ယမန်နေ့က နမ့်လန်းကျေးရွာအုပ်စု နမ့်ဖတ်ချောင်းပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖိုင်ကန်ရေလွှဲဆည်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေး



လှည်းကူး ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၇ ရက်က အထက(အင်းတိုင်)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝါဝါအုန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထက(အင်းတိုင်)မှ ကျောင်းအုပ်ဆရာမကြီးတို့က ခွေးရူးပြန်ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောပြီး ကျောင်းသားကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အိဒ္ဓေစင်လတ်

## ကျောက်တန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် နိုင်ငံသားကိုယ်ရေးအချက်အလက် (UID) ထုတ်ပေး

ကျောက်တန်း ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် နိုင်ငံသားကိုယ်ရေးအချက်အလက် (UID) ထုတ်ပေးခြင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၈ ရက်က ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမိုးသူက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကျောက်တန်းမြို့နယ် လူဝင်မှု




ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဇော်နိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

## မုဒုံမြို့၌ အရန်သားဖွားဆရာမများ ကျန်းမာရေးမြှင့်တင်သင်တန်းဖွင့်

မုဒုံ ဇူလိုင် ၂၀

မွန်ပြည်နယ် မုဒုံမြို့၌ အရန်သားဖွားဆရာမများ ကျန်းမာရေး



အဆင့်မြှင့်တင်ရန် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံရှိ သံဃာဆောင်၌ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက အရန်သားဖွားဆရာမများ၏ တာဝန်နှင့်ဝတ္တရားများ၊ အခြေခံကျန်းမာရေးဆိုင်ရာများကို ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့နယ်ရှိ အရန်သားဖွားဆရာမများ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

ဝါးခယ်မ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာတွင် မြေငှားဂရန် ပေးအပ်ပွဲကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကား ပြောကြားသည်။

ကျွန်းကုန်းကျေးရွာရှိ မြေငှားဂရမ် လျှောက်ထားသော ဒေသခံပြည်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်၊ မြို့နယ် မြေစာရင်းဦးစီးမှူးတို့က




မြေငှားဂရန်များကို ပြည်သူများ လက်ရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စိုက်ပျိုးမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ဖွေးဟိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

လဲချား ဇူလိုင် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၆၀ ဖြင့် စိုက်ပျိုးမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းကို မေလပထမအပတ်မှ စတင်



ဖောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန့်ဇင်ထံမှ သိရသည်။

အဆိုပါ ဖွေးဟိုင်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာရှိ တောင်သူဦးရေ ၁၁၀ တို့၏ စိုက်ပျိုးမြေဧက ၅၇၀ ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေများမှ ထွက်ရှိသော လယ်ယာထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

## ရွှေပြည်သာမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ရွှေပြည်သာ ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၅ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲဆွေလှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမွန်ထွဋ်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးပစ္စည်းများအား လက်တွေ့သရုပ်ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သုတ၊ ရသစာအုပ် စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ကျိုက်ထို ဇူလိုင် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ(ကိုယ်စား)ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်အေးအေးနွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးတို့မှ သင်တန်းနည်းပြများက ဥပဒေဆိုင်ရာ ဘာသာရပ်များကို သင်တန်းသား သင်တန်းသူများအား လေးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၈ ရက်က ဘိန္ဒောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကျော်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို ဇူလိုင် ၁၉ ရက်က အတွင်းပဒံကျေးရွာ၌ ဆောင်ရွက်ပေးသည်။

အဆိုပါထိုးနှံပေးခြင်းကို အင်းစိန်ခရိုင် ခေတ္တခရိုင်ဦးစီးမှူး ဒေါက်တာ နေခြည်နွေး၊ လှိုင်သာယာမြို့နယ် တာဝန်ခံ ဒေါက်တာ ခင်ခင်ကြီးနှင့် ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အတွင်းပဒံကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ပရိယတ္တိစာသင်တိုက်များတွင် မွေးမြူထားသည့် ခွေးအကောင် ၅၀ ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဟန်နီ (ပြန်/ဆက်)

## လယ်ဝေးမြို့၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင်ကျင်းပ



နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုနယ်မြေ လယ်ဝေး မြို့နယ် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာ စရိယနှင့် ပါဠိပထမပြန်စာမေး ပွဲ အောင်မြင်တော်မူကြသော စာအောင် သံဃာ၊ သီလရှင်များ အား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်ချီးမြှင့် ခြင်း စူဠဘွဲ့နှင်းသဘင်အခမ်း အနားအား ယနေ့နံနက် ၉ နာရီ က ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အေလာ သရက်တော ပရိယတ္တိစာသင် တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ မထေရ်မြတ်ထံမှ ငါးပါး သီလဆောက်တည်ပြီး နေပြည် တော်ကောင်စီဝင် ဦးခင်မောင်လတ် ကဆရာတော်များထံ သာသနာ ရေးဆိုင်ရာများ လျှောက်ထား သည်။ ထို့နောက် နေပြည်တော် ကောင်စီဝင်၊ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများ က စာအောင်သံဃာနှင့် သီလရှင် များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်ခဲ့သည်။

လယ်ဝေးမြို့နယ်၌ သာသနာ့ ဓဇဓမ္မာစရိယ ကျမ်းပြီး ၄ ပါး၊ ပထမပြန်စာဖြေဌာနမှ ပထမ လတ်တန်းစာအောင်သံဃာငါးပါး၊ ပထမငယ်တန်းစာအောင် သံဃာ ၃ ပါး၊ အခြေပြုမူလတန်းစာအောင် သံဃာနှင့်သီလရှင် ၂၃ ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆု များ ဆက်ကပ်ခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ



မြောင်းမြ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေ၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းတို့မှ ကျောင်းသား ကျောင်းသူ များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြ သည်။ **ဇေယျာ(ပြန်/ဆက်)**

## တောင်ငူမြို့၌ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်များဆန်းစစ်



တောင်ငူ ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက(၄) ပင်လုံခန်းမ၌တိုင်းရင်း သားရေးရာ အသိပညာပေးခြင်း နှင့် ရပ်ရွာအခြေပြု အသက်မွေး ဝမ်းကျောင်းပညာ လိုအပ်ချက် များ ဆန်းစစ်စိစစ်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသ ကြီး ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး စောလင်းအောင် က အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းရင်းသား အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က တိုင်းရင်းသားအရေး ဆိုင်ရာ ကော်မတီအကြောင်း သိကောင်းစရာများကို ရှင်းလင်း ပြောကြားပြီး တိုင်းရင်းသားစာပေ နှင့် ယဉ်ကျေးမှုဦးစီးဌာန ပဲခူး တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သံယောဇဉ်မိုးက တိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုကိစ္စရပ် များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ဇော်ကိုကို(တောင်ငူ)**

## ဇမ္ဗူသီရိမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည် တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အတွက် ဥပဒေအသိပညာပြန့်ပွား ရေး ဆရာဖြစ်သင်တန်း( TOT) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော် ဝင်းက အမှာစကားပြောကြား ပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်သီရိ ဆွေက သင်တန်းဖွင့်လှစ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားပြီး ဇူလိုင် ၂၄ ရက်အထိ သင်တန်းသား သင်တန်းသူဦးရေ ၇၀ ခန့် တက်ရောက်မည်ဖြစ် ကြောင်း သိရသည်။

**အောင်မျိုးထွန်း(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာ သင်တန်းကို ဇူလိုင် ၂၀ ရက်က မီးသတ်ရုံးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဝေယံကျော် က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းမြေ့ထွန်း က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းကို သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များမှ သင်တန်းသား သင်တန်း သူ ၅၅ ဦး တက်ရောက်စဉ်။ မြို့နယ်(ပြန်/ဆက်)





မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် စားအုန်းဆီဝယ်ယူခွင့် စာအုပ်များဖြင့် ဖြန့်ဖြူးရောင်းချခြင်း ရှိ မရှိကို ဇူလိုင် ၂၀ ရက်က ပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာန ဦးတင်အောင်ကျော်နှင့် တာဝန် ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ရွှေမြိုင်သူ

## ရဲလုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှု သိကောင်းစရာရှင်းလင်းပွဲများ ကျင်းပ



**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပရာ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးဝင်းတို့က အမှာစကားပြောကြား သည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖ များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇူလိုင် ၂၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင် နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဝင်းတို့က အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သိကောင်းစရာများ ရှင်းလင်းတင်ပြခြင်းကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်တို့က အမှာစကား ပြောကြားသည်။

